# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက် | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၁၉ ရက်၊ သောကြာနေ့ | အတွဲ (၆၃)၊ အမှတ်(၁၁၁)


## အလွန်ကဲဆုံးချမ်းသာ

အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံး လာဘ်တည်း။ ရောင့်ရဲမှုသည် အလွန်ကဲဆုံး ဥစ္စာတည်း။ ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံး ဆွေမျိုးတည်း။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

သုခဝဂ်(ဓမ္မပဒ-၂၀၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

## မြန်မာ-ဘရာဇီး နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုဆိုင်ရာကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Gustavo Rocha de Menezes သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် မြန်မာ-ဘရာဇီး နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုဆိုင်ရာကိစ္စရပ်များ၊ အပြန်အလှန်ကုန်သွယ်မှုကဏ္ဍ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ အားကစားကဏ္ဍမြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ စက်မှုနည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်ချမှတ်၍ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ *စာမျက်နှာ ၄ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Gustavo Rocha de Menezes က ၎င်း၏ သံအမတ်ခန့်အပ်လွှာပေးအပ်စဉ်။




# ကျေးလက်နေမိသားစုများ ဝင်ငွေတိုး၍ လူမှုစီးပွားဖွံ့ဖြိုးရေး

မြန်မာနိုင်ငံတွင် ကျေးလက်ဒေသ၌ နေထိုင်သူများက နိုင်ငံ့လူဦးရေ၏ သုံးပုံနှစ်ပုံခန့်ရှိသည်။ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး၊ မိသားစုဝင်ငွေတိုးပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက်ရှိပြီး နည်းပညာ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းနှင့် ထူးချွန်သည့် သင်တန်းသား၊ သင်တန်းသူများကို လုပ်ငန်းများထူထောင်နိုင်ရန် လုပ်ငန်းသုံးပစ္စည်းများကိုပါ ပေးအပ်ခြင်းဖြင့် ကျေးလက်ဒေသများတွင် အသေးစားကုန်ထုတ်လုပ်ငန်းများ ပေါ်ထွက်လာစေရန် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးသည် နိုင်ငံ၏ အခြေခံစီးပွားရေးဖြစ်သကဲ့သို့ တစ်နိုင်ငံလုံးလူဦးရေ၏ ၄၅ ရာခိုင်နှုန်းခန့်မှာ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နေကြခြင်းဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများ၏ သဘောသဘာဝအရ ရာသီအလိုက် အလုပ်လုပ်ကိုင်ကြရပြီး သီးနှံပေါ်ချိန် ရောက်မှသာ ဝင်ငွေရရှိခြင်း၊ မိုးလေဝသကြောင့်၊ အဖျက်ပိုးကြောင့် စသည့်အကြောင်းများကြောင့် စိုက်ပျိုးသီးနှံများ ပျက်စီးပါက ဝင်ငွေမရနိုင်တော့ဘဲ ဆုံးရှုံးကြရခြင်းတို့ကြောင့် မိသားစုဝင်ငွေရရှိနိုင်မည့် အခြားလုပ်ငန်းများကို တစ်ပိုင်တစ်နိုင် ထူထောင်ထားနိုင်ရန်လိုသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ထွက်ကုန်များ၊ ဒေသတွင်းမှ ရရှိနိုင်သည့် ကုန်ကြမ်းများဖြင့် ကုန်ထုတ်လုပ်ငန်းများ ထူထောင်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်က အားပေးလျက်ရှိရာ ကျေးလက်ဒေသများအလိုက် တန်ဖိုးမြှင့်ကုန်ချောများ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် နည်းပညာ၊ အရင်းအနှီးငွေကြေးနှင့် လုပ်ငန်းသုံးပစ္စည်းများ ရရှိနိုင်သည့် အခွင့်အလမ်းများကို တန်ဖိုးရှိရှိ ရယူအသုံးချ၍ မိမိတို့ မိသားစုဝင်ငွေတိုးရေး၊ လူမှုစီးပွား မြင့်မားရေး ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်မှစ၍ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု စီမံကိန်း၊ ခေတ်မီစံပြကျေးရွာ ဖော်ဆောင်၍ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးရေးစီမံကိန်း၊ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရေး စီမံကိန်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေး စီမံကိန်း၊ အမျိုးသမီးများဝင်ငွေတိုးတက်ရေး စီမံကိန်း၊ ဘေးဒဏ်သင့်ပြည်သူများအတွက် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ပေးရေး စီမံကိန်း၊ ဘိန်းစိုက်ပျိုးသည့် မြို့နယ်များတွင် အစားထိုး အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရေးစီမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ပြည်သူများကိုယ်တိုင်က ဖွံ့ဖြိုးတိုးတက်လိုစိတ် ထက်ထက်သန်သန်နှင့် လုံ့လဝီရိယ စိုက်ထုတ်ကြိုးပမ်းရန်မှာ လွန်စွာအရေးကြီးသည်။ ပစ္စုပ္ပန်တွင် ကြီးပွားကြောင်းအတွက် ထကြွလုံ့လဝီရိယနှင့် ပြည့်စုံခြင်း (ဥဋ္ဌာနသမ္ပဒါ)၊ ရရှိလာသောပစ္စည်းကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း (အာရက္ခသမ္ပဒါ)၊ မိတ်ကောင်းဆွေကောင်း ထားရှိခြင်း (ကလျာဏ မိတ္တ သမ္ပဒါ)၊ ဝင်ငွေထွက်ငွေမျှတအောင် သုံးစွဲခြင်း (သမဇီဝိတတာ) ဟူသော သမ္ပဒါတရားတို့နှင့် ပြည့်စုံပြီဆိုပါက မိသားစုဘဝများ မြင့်မားလာမည် ဧကန်ဖြစ်ပါကြောင်း။ ။

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၁၈**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

စစ်ကိုင်းတိုင်း ဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလား ပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**



## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## ညီညွတ်မှုဖြင့် ရှေ့သို့ချီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၁-၂၀၂၄ ကျပ်/လီတာ

| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၆၆ | ၂၅၄၈ |
| 95 Ron | ၂၅၉၄ | ၂၆၇၉ |
| HSD (500 ppm) | ၂၃၁၆ | ၂၃၉၂ |
| HSD (50 ppm) | ၂၃၇၆ | ၂၄၅၃ |
| HSD (10 ppm) | ၂၃၈၈ | ၂၄၆၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

**မြန်မာ - အီဂျစ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး၊ ချစ်ကြည်ရေးနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ စိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ ပညာရေးကဏ္ဍ တိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ဆွေးနွေး**



**နေပြည်တော် ဇန်နဝါရီ ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mrs. Aya Saad Mohamed Abdelkarim သည် ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် မြန်မာ – အီဂျစ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး၊ ချစ်ကြည်ရေးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ ပညာရေးကဏ္ဍတိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန် ချစ်ကြည်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်နေမှုများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅) ရပ် ချမှတ်၍ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိမှု၊ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်စပ်လျဉ်းပြီး ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mrs. Aya Saad Mohamed Abdelkarim က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွန်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဟန်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mrs. Aya Saad Mohamed Abdelkarim အား လက်ခံတွေ့ဆုံစဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mrs. Aya Saad Mohamed Abdelkarim နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

## “မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ် ချမှတ်၍ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိမှု၊ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့်စပ်လျဉ်းပြီး ရင်းရင်းနှီးနှီးဆွေးနွေး”



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံသံအမတ်ကြီး H.E. Mr. Gustavo Rocha de Menezes အား လက်ခံတွေ့ဆုံစဉ်။

❖ *ရှေ့ဖုံးမှ*

ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိမှု၊ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်းပြီး ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ ဆိုင်ရာ ဘရာဇီးနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏာဟန်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံသံအမတ်ကြီး H.E. Mr. Gustavo Rocha de Menezes နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၁၈**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mrs. Aya Saad Mohamed Abdelkarim အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ – အီဂျစ် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တက်ရောက်လာကြသူများ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲအဖြစ် မော်လမြိုင်ဇုန်အသင်းနှင့် မြစ်ကြီးနားဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၁၈

**၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများ ပေးအပ်ချီးမြှင့်သည်။**

အဆိုပါ ဗိုလ်လုပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များနှင့်တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနှင့် နည်းပြများ၊ အားကစားသမားများ၊ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများ၊ အားကစားဝါသနာရှင် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲအဖြစ် မော်လမြိုင်ဇုန်အသင်းနှင့် မြစ်ကြီးနားဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပထမဆုရရှိသည့် မော်လမြိုင်ဇုန်အသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

အဆိုပါပွဲစဉ်တွင် နှစ်ဖက်အသင်းများသည် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အကြိတ်အနယ်ဖိအားပေးယှဉ်ပြိုင်ကြကာ ပထမပိုင်းပြီးဆုံးချိန်အထိ ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့ပြီး ဒုတိယပိုင်းကို ဆက်လက်ယှဉ်ပြိုင်ကစားချိန်တွင်လည်း တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်အကြိတ်အနယ် ဖိအားပေးယှဉ်ပြိုင်ကစားကြသော်လည်း ဒုတိယပိုင်း ပြီးဆုံးချိန်တွင်လည်း ဂိုးမရှိသရေရလဒ်ဖြင့်သာ ပြီးဆုံးခဲ့သည်။

ယင်းနောက် အချိန်ပို မိနစ် ၃၀ ကစားချိန်တွင်လည်း ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သဖြင့် ပယ်နယ်တီအဆုံးအဖြတ် ရယူခဲ့ရာ မော်လမြိုင်ဇုန်အသင်းက

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ပထမဆုရရှိသည့် မော်လမြိုင်ဇုန်အသင်းကို တစ်ဦးချင်းဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဒုတိယဆုရရှိသည့် မြစ်ကြီးနားဇုန်အသင်းကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၅ မှ*
မြစ်ကြီးနားဇုန်အသင်းကို ၅ ဂိုး- ၃ ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားပြီး တံခွန်စိုက်ဆုဖလားကြီးကို ဆွတ်ခူးရရှိသွားသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင် အကောင်းဆုံး(ဂိုးသမား)ဆု၊ အကောင်းဆုံး (နောက်တန်း)ဆု၊ အကောင်းဆုံး (အလယ်တန်း)ဆု၊ အကောင်းဆုံး (ရှေ့တန်း)ဆု၊ ဂိုးသွင်းအများဆုံးဆုနှင့်ပွဲစဉ်တစ်လျှောက်အကောင်းဆုံးအားကစားသမားဆုရရှိသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာ မှုထန်၊ ပိုးရယ်အောင်သိန်း၊ ဒေါ်ဒွဲဘူ၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က တစ်ဦးချင်းအကောင်းဆုံးဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက တတိယဆုရရှိသည့် ပုသိမ်ဇုန်အသင်းကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ဒုတိယဆုရရှိသည့် မြစ်ကြီးနားဇုန်အသင်းကိုလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက ပထမဆုရရှိသည့် မော်လမြိုင်ဇုန်အသင်းကို တစ်ဦးချင်းဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပထမဆုရရှိသည့် မော်လမြိုင်ဇုန်အသင်းအား ဂုဏ်ပြုဆုငွေများနှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ဆုပေးပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆု ရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် အကောင်းဆုံးရှေ့တန်းကစားသမားဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ အကောင်းဆုံးအလယ်တန်းကစားသမားဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။

## ရန်ကင်းမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်ပညာရေးစုံညီပွဲတော်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်ပညာရေးစုံညီပွဲတော်ကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အားကစားခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။



စုံညီပွဲတော်တွင် ရန်ကင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် လေ့ကျင့်ရေး အလယ်တန်းကျောင်း (ရန်ကင်း) တို့မှ ကျောင်းသားကျောင်းသူလေးများက စုံညီပွဲတော်တို့နွဲပျော် တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့ကြပြီး သဃ်န်းကျွန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထူးလွင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ရန်ကင်းမြို့နယ် ပညာရေးမှူး ဒေါ်ဝင်းရည်မွန်က စုံညီပွဲတော် ကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဗဟိုအဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ပြိုင်ပွဲအသီးသီးတွင် ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြပြီး အခြေခံပညာ ကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများက တေးသရုပ်ဖော်အကများဖြင့် ဖျော်ဖြေ တင်ဆက်ခဲ့ကြသည်။

စုံညီပွဲတော်တွင် ဗဟိုအဆင့်၊ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် လူရည်ချွန်ဆုနှင့် ကာယ၊ ဉာဏပြိုင်ပွဲများတွင်ထူးချွန်ဆုရရှိသူ ၁၉၈ ဦးကို ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

## သာစည်မြို့နယ်၌ မီးသတ်ဆေးဘူးအသုံးပြုနည်းများသရုပ်ပြ

**သာစည် ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် မီးသတ်ဦးစီးဌာနက ဌာနဆိုင်ရာရုံးများ မီးဘေးလုံခြုံရေးအတွက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးပြီး အသိပညာပေးဟောပြောခြင်းနှင့် မီးသတ်ဆေးဘူး အသုံးပြုနည်းများ လက်တွေ့သရုပ်ပြသခြင်းများကို ဇန်နဝါရီလ ဒုတိယပတ်မှစတင် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးစည်သူအောင်နှင့် သန္ဓေတပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာရုံးများ မီးဘေးလုံခြုံရေးအတွက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးပြီး မီးဘေးလုံခြုံရေးဆိုင်ရာ အကြံပြုချက်များကို အသိပညာပေးဟောပြောခြင်း၊ မီးသတ်ဆေးဘူးများ၊ မီးချိတ်၊ မီးကပ်၊ သဲ၊ ရေပုံးများ ပြည့်စုံစွာထားရှိရန်၊ မီးသတ်ဆေးဘူးအသုံးပြုနည်း လက်တွေ့သရုပ်ပြခြင်းများကို ဆောင်ရွက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့၌ကျင်းပသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၁၈**

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ဥက္ကဋ္ဌသစ်အဖြစ် တာဝန်ယူဆောင်ရွက်မည့် ယူဂန်ဒါသမ္မတနိုင်ငံ သမ္မတ H.E. Mr. Yoweri Kaguta Museveni ၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဇန်နဝါရီ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့၌ ကျင်းပလျက်ရှိသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လျက်ရှိသည်။




ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကာ ရန်ဖိုရီ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပလျက်ရှိသည့် မျက်နှာစုံညီအစည်းအဝေးတွင် သက်ဆိုင်ရာ နိုင်ငံအလိုက်မိန့်ခွန်းများ ပြောကြားကြသည်။

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဇန်နဝါရီ ၁၇ ရက် မွန်းလွဲပိုင်းတွင် မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့သည်။ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ လက်ရှိဥက္ကဋ္ဌ အဇာဘိုင်ဂျန်နိုင်ငံနှင့် ဥက္ကဋ္ဌသစ်အဖြစ် မကြာမီလွှဲပြောင်းတာဝန်ယူဆောင်ရွက်မည့် ယူဂန်ဒါနိုင်ငံတို့၏ ကြိုးပမ်းဆောင်ရွက်ချက်များအပေါ် ချီးကျူးဂုဏ်ပြုပါကြောင်း၊ ယနေ့ကမ္ဘာကြီးသည် အပြည်ပြည်ဆိုင်ရာ လုံခြုံရေးကိစ္စရပ်များအပါအဝင် ဘက်ပေါင်းစုံတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်တွေ့ကြုံရလျက်ရှိရာ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့အနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံး၏ ဘုံအကျိုးစီးပွားအတွက် အရေးပါသောအဖွဲ့ကြီးအဖြစ် ဆက်လက်ရပ်တည်သွားရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကို စတင်ထူထောင်ရာတွင် ပါဝင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့် အားလျော်စွာ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ မူဝါဒများကို အပြည့်အဝ လိုက်နာလျက်ရှိပါကြောင်း၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့အနေဖြင့် အဖွဲ့ကြီး၏ မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ စည်းလုံးညီညွတ်မှုကို ဆက်လက်ထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများနှင့်အားလုံး၏ ငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ တရားမျှတမှု၊ တန်းတူညီတူရှိမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြားသော ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့် အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းဆွေးနွေးပြောကြားခဲ့သည်။ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေး၌ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကိုလည်း ထည့်သွင်းရှင်းလင်းပြောကြားခဲ့သည်။**(အပေါ်ပုံ)**

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအတွင်း နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များသည် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ၊ ဒေသတွင်းနှင့် ကမ္ဘာ့ရေးရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲရေး၊ ကုလသမဂ္ဂ၏ ၂၀၃၀ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ ပြည့်မီစေရေး၊ ရာသီဥတုပြောင်းလဲရေး စိန်ခေါ်မှုများ၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာကိစ္စများတွင် အတူတကွ ပူးပေါင်းဆောင်ရွက်ရေးတို့အပေါ် ဆွေးနွေးခဲ့ကြသည်။ အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ သက်ဆိုင်ရာနိုင်ငံအလိုက် ဖြစ်ပေါ်တိုးတက်မှုများကိုလည်း ထည့်သွင်းဆွေးနွေးပြောကြားခဲ့ကြသည်။

အိမ်ရှင် ယူဂန်ဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Gen. Odongo Jeje Abubakhar က ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံခြားရေးဝန်ကြီးများကို ညနေပိုင်းတွင် အာဖရိက ယဉ်ကျေးမှု အကအလှများ ပါဝင်သည့် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ဇန်နဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ကျင်းပခဲ့ရာ အီဂျစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်လွင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ (Non-Aligned Movement-NAM) ကို ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အကျိုးစီးပွား မြှင့်တင်ရေးအတွက် ၁၉၆၁ ခုနှစ်တွင် စတင်ဖွဲ့စည်းထူထောင်ခဲ့ပြီး ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့၌ လက်ရှိတွင် အဖွဲ့ဝင်နိုင်ငံပေါင်း (၁၂၀) ပါဝင်သည်။ မြန်မာနိုင်ငံသည် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကို စတင်ထူထောင်ရာတွင် ပါဝင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။

**သတင်းစဉ်**

# ဒေသတွင်း MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောနည်းပညာရှင်များကို စံနှုန်းများနှင့်အညီ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေးကြိုးပမ်း

**နေပြည်တော် ဇန်နဝါရီ ၁၈**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့ နံနက်ပိုင်းတွင် အစိုးရနည်းပညာကောလိပ် (မန္တလေး)သို့ ရောက်ရှိပြီး တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံသည်။ တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဒေသတွင်း MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော နည်းပညာရှင်များကို စံနှုန်းများနှင့်အညီ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ ဒေသတွင်းပြည်သူများ ဘဝရပ်တည်ချက်ခိုင်မာမှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိမှုတို့ကို လက်တွေ့ကျကျ ဖော်ဆောင်ပေးမည့် သင်တန်းများကို ဖွင့်လှစ်သွားရန် တိုက်တွန်းမှာကြားသည်။



ယင်းနောက် ဒုတိယဝန်ကြီးသည် ဝန်ထမ်းများ၊ ကျောင်းသားများ၏ လိုအပ်ချက်တင်ပြမှုများအပေါ် ပေါင်းစပ်ဖြည့်ဆည်းပေးပြီးနောက် မလေးရှားနိုင်ငံ လန်ကာဝီမြို့တွင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်းက ကျင်းပခဲ့သော 4th ASEAN – India Grassroot Innovation Forum 2023 တွင် Hydraulic Magic Track ခေါင်းစဉ်ဖြင့် Most Promising Award ဆုရရှိခဲ့သော ဒုတိယနှစ် မြို့ပြအင်ဂျင်နီယာ သင်တန်းမှ ကျောင်းသားကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်သည်။ ထို့နောက် ဒုတိယဝန်ကြီးသည် တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ လုပ်ငန်းများ ပြီးစီးစေရေးဆောင်ရွက်ရန်နှင့် လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ် Myanmar Institute of Information Technology (MIIT) သို့ ရောက်ရှိခဲ့ပြီး ဘာသာရပ်နှင့် သင်တန်းနှစ်တို့အလိုက် အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိကြသော ကျောင်းသားကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ယနေ့ခေတ်တွင် IT နည်းပညာများ လျင်မြန်စွာ ပြောင်းလဲ တိုးတက်နေသည်ဖြစ်ရာ နောက်ကျမကျန်ဘဲ ယင်းနည်းပညာအရွေ့နှင့်အတူ လိုက်ပါနိုင်ရေး အစဉ်လေ့လာဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မန္တလေးနည်းပညာတက္ကသိုလ်သို့ရောက်ရှိပြီး အင်ဂျင်နီယာဘာသာရပ်နှင့် သင်တန်းနှစ်တို့အလိုက် အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိကြသော ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ဤတက္ကသိုလ်မှ လေ့လာဆည်းပူး၍ ရရှိသည့် နည်းပညာများဖြင့် မိမိတို့၏ ဘဝအနာဂတ်များကို လှပကောင်းမွန်အောင် တည်ဆောက်သလို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင်လည်း အုတ်ကောင်းတစ်ချပ်၊ သဲကောင်းတစ်ပွင့်အနေဖြင့် ပါဝင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် အားကစားလှုပ်ရှားမှု ဆောင်ရွက်လျက်ရှိသော ကျောင်းသား ကျောင်းသူများကို ကြည့်ရှုအားပေးပြီး ကျောင်းသားဘဝ တန်ဖိုးရှိသော အချိန်များကို အကျိုးရှိစွာ အသုံးချကြရန်၊ ဗလငါးတန်နှင့် ပြည့်စုံသော နိုင်ငံ့လူငယ်ကောင်းများ ဖြစ်စေရေး အလေးထား ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေတောင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း ကြာနီကန်၌ လူငယ်စကားဝိုင်းကျင်းပ

**ရွှေတောင် ဇန်နဝါရီ ၁၈**

ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက ရွှေတောင်မြို့ အထက ကြာနီကန် ကျောင်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ ရွှေတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် မြို့နယ်ပညာရေးမှူး ဦးကျော်ဦးတို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က လူငယ်စကားဝိုင်းကျင်းပရခြင်း အကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ပြန်ကြား ရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နွေးဒါလီနိုင်နှင့် အထက်တန်းပြဆရာမ ဒေါ်သန်းသန်းဌေးတို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ဆောင်ရွက်ပြီး Grade-10 မှ မောင်ထူးအောင်ခန့်က လူငယ်နှင့် စာရိတ္တ၊ မောင်စွမ်းထက်အောင်က လူငယ်နှင့် အားကစား၊ မဂျူးရွှေရည်လင်းက လူငယ်နှင့် ကျန်းမာရေး၊ Grade-11 မှ မောင်ထက်အောင်လင်းက လူငယ်နှင့် ဆိုရှယ်မီဒီယာနှင့် Grade-10 ကျောင်းသူ မခြူးအိမ်စံက လူငယ်နှင့် အမှားအမှန် စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ဦးဆောင်ဆွေးနွေးကြသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ **ကိုကိုမင်း ( ပြန်/ဆက်)**

# ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့၌ကျင်းပသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကာလအတွင်း ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကာတာနိုင်ငံ၏ State Minister for Foreign Affairs ဖြစ်သူ Mr. Soltan bin Saad Al-Muraikhi နှင့် တွေ့ဆုံ



ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာစေရေး၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့တွင်း ပူးပေါင်းဆောင်ရွက်မှုများအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

**နေပြည်တော် ဇန်နဝါရီ ၁၈**

ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့၌ ကျင်းပပြုလုပ်လျက်ရှိသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လျက်ရှိသည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အစည်းအဝေးကာလအတွင်း သီးခြားဆွေးနွေးပွဲအဖြစ် ဇန်နဝါရီ ၁၇ ရက်တွင် ကာတာနိုင်ငံ၏ State Minister for Foreign Affairs ဖြစ်သူ Mr. Soltan bin Saad Al–Muraikhi နှင့် ရန်ဗိုရီကွန်ဗင်းရှင်းစင်တာ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ထည့်သွင်းရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် မြန်မာ – ကာတာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာစေရေး၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့တွင်း ပူးပေါင်းဆောင်ရွက်မှုများအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးတို့အား သီးခြားစီ လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၈**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Mr. Iskander Azizov အား ယနေ့ နံနက်ပိုင်းတွင်လည်းကောင်း(ယာပုံ)၊ မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mrs. Aya Saad Mohamed Abdelkarim အား မွန်းလွဲပိုင်းတွင် လည်းကောင်း အဆိုပါဝန်ကြီးဌာန၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။



မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာ – ရုရှား နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးရေး နှစ်ဖက်အချင်းချင်း ကုန်သွယ်မှုနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ အကြိမ် ရုရှား – မြန်မာ အစိုးရကော်မရှင် အစည်းအဝေး၏ ငါးလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု ညှိနှိုင်းဆောင်ရွက်နေမှု၊ တတိယ သဘောတူညီမှုများအား ပူးပေါင်းဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား စားရေရိက္ခာဖူလုံရေးဆိုင်ရာ ဆက်စပ်ဆွေးနွေးပွဲရလဒ်မှ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လိုသည့် ဦးစားပေးလုပ်ငန်းများ၊ မြန်မာနိုင်ငံတွင် သဘာဝအပင်ကြီးထွားဆေးစက်ရုံ တည်ဆောက်ရန်ကိစ္စရပ်၊ မြန်မာ့ ရေ၊ မြေ၊ ရာသီဥတု၊ သီးနှံလိုအပ်ချက်နှင့် ကိုက်ညီမှုရှိသည့် ဓာတ်မြေဩဇာများ ရုရှားနိုင်ငံမှ တင်သွင်းနိုင်ရေးနှင့် ဆန်နှင့်ပဲမျိုးစုံ အပါအဝင် မြန်မာ့လယ်ယာထွက်ကုန်များအတွက် ဈေးကွက်အခွင့်အလမ်းရရှိရေး ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် Egyptian International Center for Agriculture (EICA) တွင် ဖွင့်လှစ်ပို့ချသည့် ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု နည်းပညာသင်တန်းသို့ တက်ရောက်ရန် မြန်မာနိုင်ငံမှ သင်တန်းသားများစေလွှတ်ခဲ့မှု၊ နှစ်နိုင်ငံ လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှု စာချွန်လွှာအသစ်ရေးထိုးနိုင်ရေး ညှိနှိုင်းဆောင်ရွက်မှု၊ ဝါမျိုးများဖလှယ်ရေး၊ ဝါသီးနှံနှင့် အာလူးသီးနှံစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်ရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိ သည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၁၈**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ် အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mrs. Aya Saad Mohamed Abdelkarim ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ရေနံချက်စက်ရုံနှင့် ဓာတ်မြေဩဇာစက်ရုံများ အဆင့်မြှင့်တင်ရေးနှင့် အသစ်တည်ဆောက်ရေးကိစ္စရပ်များ၊ ကုန်းတွင်း၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေး ရင်းနှီးမြှုပ်နှံမှုပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ရေနံဓာတ်ငွေ့အရည် (LNG) တင်သွင်းနိုင်ရေး၊ အနာဂတ်ကာလတွင် မြန်မာနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့အကြား စွမ်းအင်ကဏ္ဍ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အခွင့်အလမ်းများ၊ အီဂျစ်နိုင်ငံတွင် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုလျှော့ချနိုင်ရေးနှင့် လောင်စာဆီသုံးစွဲမှု လျှော့ချနိုင်ရေးအတွက် ရုပ်ကြွင်းလောင်စာ (Fossil Fuel) သုံး ယာဉ်များအစား ဖိအားမြှင့် သဘာဝဓာတ်ငွေ့(CNG)သုံး ယာဉ်များ ပြောင်းလဲအသုံးပြုနိုင်ရေးအတွက် အားပေးမြှင့်တင်ဆောင်ရွက်နေသည့် ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စွမ်းအင်ဝန်ကြီးဌာနရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# မော်လမြိုင်ကျွန်းမြို့နယ်၌ (၄၄) ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပ

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ပြည်လုံးချမ်းသာ ဆုတောင်းပြည့် မြတ်စွာဘုရားကြီး၏ (၁၁၆) နှစ်ပြည့် ဝိဇာတပူဇာနှင့် (၄၄) ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ(ရုပ်တော်မူ) ရုပ်ပွားဆင်းတုတော်များ ဒေသစာရီ ကြွချီပူဇော်ပွဲကို ဇန်နဝါရီ ၁၇ ရက်က ပြည်လုံးချမ်းသာ ဆုတောင်းပြည့်မြတ်စွာဘုရားကြီး တန်ဆောင်းတော်၌ ကျင်းပသည်။

အခမ်းအနားတွင် ဘုရားကြီးတိုက်ကျောင်း ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တသြဘာသထံမှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်၊ အဖွဲ့ဝင် (၁) ဗိုလ်မှူးမင်းလွင်၊ ဌာနဆိုင်ရာများ၊ ပူဇော်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အလှူရှင်များက သီလခံယူဆောက်တည်ကြပြီး ပြည်လုံးချမ်းသာ ဆုတောင်းပြည့်မြတ်စွာဘုရားကြီး၏ (၁၁၆) နှစ်ပြည့် ဝိဇာတပူဇာနှင့် (၄၄) ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ (ရုပ်တော်မူ) ရုပ်ပွားဆင်းတုတော်များ ဒေသစာရီ ကြွချီပူဇော်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် ပြည်လုံးချမ်းသာ ဆုတောင်းပြည့်မြတ်စွာဘုရားကြီး၏ ပရိဝုဏ်မှစတင်၍ မြို့တွင်းသို့ ဒေသစာရီ ကြွချီအပူဇော်ခံရာ မြို့နယ်အတွင်းမှ ဒေသခံပြည်သူများ၊ စေတနာရှင်အလှူရှင်များက လှူဖွယ်ဝတ္ထုများ လှူဒါန်းပူဇော်ခဲ့ကြောင်း သိရသည်။

**ရဲကိုမောင် (ပြန်/ဆက်)**

# မင်းလှမြို့နယ်၌ အခမဲ့ကျန်းမာရေးဆေးကုသ

**အထက်မင်းလှ ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါအကြောင်း အသိပညာပေးဟောပြောခြင်း၊ အခမဲ့ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းတို့ကို ဇန်နဝါရီ ၁၇ ရက်က မင်းလှမြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါ လက္ခဏာများအကြောင်း အသိပညာပေးဆွေးနွေးသည်။

အဆိုပါ ကျန်းမာရေးစစ်ဆေးကုသပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းစန်းမိုးနှင့် ဝန်ထမ်းများက စစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။ **ဇာဇာ(အထက်မင်းလှ)**

# မြန်မာအမျိုးသားလေကြောင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၈**
မြန်မာအမျိုးသားလေကြောင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း) နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သီတာစန်းနှင့် တာဝန်ရှိသူများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမျိုးမင်းဦး၊ မြန်မာအမျိုးသားလေကြောင်းမှ ဒါရိုက်တာ ဒေါ်စုစုမြတ်၊ ဒါရိုက်တာ ဦးမြင့်အောင်နှင့် ဌာနမှူး ဦးလှငွေးအောင်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာအမျိုးသားလေကြောင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ အပြီးသတ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၈**
ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ဇန်နဝါရီလအတွင်း ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ကျင်းပသည့် အာရှ-ပစိဖိတ် ပူးတွဲအဖွဲ့ (Asia Pacific Joint Group–APJG) မျက်နှာချင်းဆိုင် အစည်းအဝေးသို့ တက်ရောက်ခဲ့မှု၊ ယင်းအစည်းအဝေးတွင် မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ တိုးတက်ဆောင်ရွက်မှုများကို ဆွေးနွေးခဲ့မှု၊ မြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်ရန်ကျန်ရှိနေသည့် အစီအမံ (Action Plan) ၁၀ ချက်အပေါ် APJG မှ အကဲဖြတ်သူများ၏ အကြံပြုချက်များနှင့်အညီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ချက်များကို အကဲဖြတ်သူများအားလုံး ဖြို့ချိတ်ဆက် သိရှိစေရန်အတွက် ရှင်းလင်းဆွေးနွေးခဲ့မှုနှင့် သက်ဆိုင်ရာဌာနများအနေဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အစီအစဉ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် လုပ်ငန်းအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက Action Plan များအပေါ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အချက်များနှင့် သက်ဆိုင်ရာဌာနများအကြား ပူးပေါင်းဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးတင်ပြရာ သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အရာရှိကြီးများနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသပေး

**ရန်ကုန် ဇန်နဝါရီ ၁၈**
ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ပြည်သူ့ဆေးရုံ၌ ရန်ကုန်အရှေ့ပိုင်းပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ နယ်လှည့်ကွင်းဆင်း ဆေးကုသပေးခြင်းကို ဇန်နဝါရီ ၁၆ ရက်က ဆောင်ရွက်ပေးသည်။ **(အောက်ပုံ)**



ထိုသို့ ဆေးကုသပေးရာတွင် ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဦးဆောင်သောသမားတော် (အထွေထွေ)၊ ခွဲစိတ်အထူးကုဆရာဝန်၊ သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်၊ ကလေးအထူးကုဆရာဝန်၊ သွားဘက်ဆိုင်ရာဆရာဝန်၊ မျက်စိကုသရေးအဖွဲ့၊ အရိုးအဆစ်ပြန်လည်သန်စွမ်းရေးအဖွဲ့များမှ ရပ်ကွက်နေပြည်သူများအား ကျန်းမာရေးဆိုင်ရာ ကွင်းဆင်းဆေးကုသပေးရာ စုစုပေါင်းလူနာ ၂၅၅ ဦး လာရောက်ပြသ ဆေးကုသမှုခံယူပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဖွဲ့မင်းထက်(ပြန်/ဆက်)**

ကျန်းမာရေးဝန်ကြီးဌာန

(၅၂) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်မှ ၂၆ ရက်

ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အမှတ်(၅)၊ ဇီဝကလမ်း၊ ရန်ကုန်မြို့

**ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ တွဲထားလက်များ ခိုင်မြဲစို့**

# မိုးညိုမြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်ကျင်းပ

**မိုးညို ဇန်နဝါရီ ၁၈**
၂၀၂၃ -၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်နှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်က ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ ဇောတိကရပ်ကွက်ရှိ အ.ထ.က (မိုးညို) သရဖူခန်းမ၌ ကျင်းပသည်။

ဦးစွာ စုံညီပွဲတော်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းသိဒ္ဓိနှင့် အဖွဲ့ဝင်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီးနောက် ကျောင်းသား ကျောင်းသူများ တိုင်းရင်းသားအက၊ ပန်းဖွားအကများဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ သရဖူခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးကြည်လင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းထွေးတို့က စုံညီပွဲတော်ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ထူးချွန်ဆရာများနှင့် ပညာရည်ချွန်ဆု၊ လူရည်ချွန်ဆု၊ ဝန်ထမ်းအကောင်းဆုံးဆု၊ စာစီစာကုံး၊ ပုံပြော၊ ကျပန်းစကားပြော၊ ပန်းချီ၊ ကဗျာ၊ ဆောင်းပါး စသည့် စုစုပေါင်း ၁၇၇ ဆုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**

# ဗန်းမော်မြို့၌ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်း ဆွေးနွေး

**ဗန်းမော် ဇန်နဝါရီ ၁၈**
ကချင်ပြည်နယ် ဗန်းမော်မြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၆ ရက်က အ.ထ.က (၅) အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်ရာက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ကျော်ထွန်းက လူငယ်စကားဝိုင်းကျင်းပသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ဦးဆောင်၍ အ.ထ.က (၅)ကျောင်းမှ Grade – 11 နှင့် Grade–9 ကျောင်းသားကျောင်းသူများက ဆွေးနွေးကြရာ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများနှင့် အပြန်အလှန်များ မေးမြန်းဆွေးနွေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# ပုသိမ်ကြီးမြို့နယ်၌ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်

**ပုသိမ်ကြီး ဇန်နဝါရီ ၁၈**
မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာပေးသင်တန်းကို ဇန်နဝါရီ ၁၆ ရက်က ခေတ်မီစံပြကျေးရွာဖြစ်သည့် နန္ဒာမြောက်ကျေးရွာရှိ ရန်ကုန်ကျောင်းတိုက်၌ ကျင်းပသည်။

ဦးစွာ အမရပူရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်နှင့် သင်တန်းနည်းပြ ဒေါ်အေးချမ်းသူက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို သင်တန်းသား ၁၀ ဦးဖြင့် ဇန်နဝါရီ ၁၆ ရက်မှ စတင်ကာ ၁၀ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

နေပြည်တော် ဇန်နဝါရီ ၁၈

**ရှမ်းပြည်နယ် (တောင်ပိုင်း) မြို့နယ်များအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ၂၅ ဦး၊ အုပ်ချုပ်မှုအဖွဲ့ဝင် ၅ ဦး စုစုပေါင်း ၃၀ တို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော် ကြည်ညိုကြသည်။** (ယာပုံ)



ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ် ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့် ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြသည်။ ထို့နောက် ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြပြီး ဘုရားရင်ပြင်တော် ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များအတွင်း၌ ဖူးမြော်လေ့လာကြသည်။ ထို့နောက် မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပခဲ့သည့် မဟာမင်္ဂလာအခမ်းအနားများတွင် အသုံးပြုခဲ့သော ပစ္စည်းများ၊ မာရဝိဇယဆင်းတုတော်ကြီးအား အစိတ်အပိုင်း လေးပိုင်းခွဲ၍ တည်ဆောက်ထားသော ဆင်းတုတော်ကြီး ပုံစံငယ်များ၊ မြန်မာ့ရိုးရာ ပန်းဆယ်မျိုးလက်ရာပုံစံငယ်များနှင့် မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါမိပတိသာသနဒ္ဓဇမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များ၊ အခြားသာသနိကအဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ခဲ့ကြသည့် ဂေါပကအဖွဲ့ဝင်များ၏ ရင်တွင်းစကားသံများအား ယခုလို ကြားသိခဲ့ရသည် -

**ဦးညီလုံး (စူဠာမုနိလောကချမ်းသာ စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ)**

ဘုရားကြီးကို တည်ထားပူဇော်ရတဲ့ ရည်ရွယ်ချက်လေးရပ်မှာ ကိုယ့်ရဲ့ ဘာသာ သာသနာပြန့်ပွားဖို့အတွက် နိုင်ငံတော်ဝန်ကြီးချုပ်ကြီးက ဦးဆောင်ဒါယကာအနေနဲ့ ဆောင်ရွက်သွား



ဦးညီလုံး

တာက အင်မတန်မှလေးစားဖွယ်၊ ဂုဏ်ယူဖွယ် ကောင်းပါတယ်။ အတုယူဖွယ်လည်း ကောင်းပါတယ်။ ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ရတဲ့အခါမှာ ကိုယ့်အရပ်၊ ကိုယ့်ဒေသမှာ ကိုယ့်ဘာသာ သာသနာပြန့်ပွားအောင် ဆက်လက် ဆောင်ရွက်ဖို့အတွက် အင်အားတွေ ရရှိလာသလို ခံစားရပါတယ်လို့ ပြောချင်ပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီး အသီးသီးက တန်ခိုးကြီးဘုရားတွေရဲ့ ဂေါပကတွေ လာရောက်ဖူးမြော်ကြတာကို တီဗွီမှာ တွေ့လိုက်ရတော့ အင်မတန်မှ ဝမ်းသာခဲ့ပါတယ်။ ကိုယ့်အလှည့်ကို ဘယ်တော့ရောက်မလဲဆိုပြီး မျှော်လင့်ခဲ့မိပါတယ်။ မျှော်လင့်ခဲ့တဲ့အတိုင်းပဲ အခုအကြီးအကဲတွေက စီစဉ်ပေးတဲ့အတွက် လာရောက်ဖူးမြော်ခွင့်ရခဲ့ပါပြီ။ ထိုနည်းအတူပဲကျန်နေသေးတဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးက ဂေါပကအဖွဲ့ဝင်တွေအားလုံး စုံစုံညီညီနဲ့ ဒီလိုမျိုး ပြည်နယ်တိုင်းဒေသကြီး တစ်ခုလုံးမှာ၊ အနှံ့အပြားမှာ ပြန့်ပွားသွားမယ်ဆိုရင် တစ်နေရာစီက ဘာသာ သာသနာအတွက် ထွန်းလင်းတောက်ပြောင်တဲ့ ဆောင်ရွက်မှုတွေ ထွက်ပေါ်လာမယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။

**ဦးသိန်းဟန် (တောင်ကြီးမြို့ ကျက်သရေဆောင် ရွှေဘုန်းပွင့်ဘုရား ဂေါပကအဖွဲ့ဝင်)**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို စတင်တည်ထားကတည်းက ကျွန်တော်တို့ အလွန်ဖူးမြော်ချင်ခဲ့တာပါ။ အခုလို လာရောက် ဖူးမြော်ခွင့်ရတဲ့



ဦးသိန်းဟန်

အတွက် ရင်ထဲမှာအတိုင်းမသိကျေနပ်မိပါတယ်။ တကယ် ကြည်နူးပါတယ်။ ထေရဝါဒဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေအတွက် အလွန်ကို ဂုဏ်ယူစရာကောင်းပါတယ်။ အလွန်လည်း ပီတိဖြစ်စရာကောင်းပါတယ်။ နောင်လာမယ့် မျိုးဆက်သစ်တွေအတွက်လည်း ဒီဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး က ဂုဏ်ယူစရာ တစ်ရပ်အနေနဲ့ အမြဲတမ်း တည်ရှိနေမယ်လို့ ယုံကြည်ပါတယ်။

**ခွန်ကျော်ဆန်း (မွေတော်ကက္ကူ ဘုရားဂေါပကအဖွဲ့ အတွင်းရေးမှူး)**

နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ကျွန်တော်တို့ဂေါပကအဖွဲ့ကို အခုလို ဖိတ်ကြားပေးတဲ့အတွက်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ့ ပြည်နယ်ဝန်ကြီးချုပ်က အခုလိုစီစဉ်




ခွန်ကျော်ဆန်း

ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ဗုဒ္ဓဘာသာ သာသနာ ထွန်းကားအောင် နိုင်ငံတော်အစိုးရအနေနဲ့ ကမ္ဘာမှာအကြီးဆုံး၊ အမြင့်ဆုံး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကိုတည်ထားပူဇော်ပြီး ဆောင်ရွက်ပေးတဲ့အတွက် ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ ဂုဏ်ယူမဆုံး ဖြစ်မိပါတယ်။ သာသနာတော်ကြီး ထွန်းကားပြန့်ပွားအောင် ထိန်းသိမ်းစောင့်ရှောက်ကြဖို့အတွက် ကျွန်တော်တို့ဗုဒ္ဓဘာသာဝင်တွေအားလုံးမှာ တာဝန်ရှိပါတယ်။

**ဦးစိုးမြင့် (ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင်)**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို အခုလိုလာရောက်ဖူးမြော် ကြည်ညိုနိုင်ဖို့အတွက် ပြည်နယ်ဝန်ကြီးချုပ်က အစစအရာရာ စီစဉ်ပေးပါတယ်။ ဘုရားကြီးကို ဖူးမြော်လိုက်ရတဲ့အချိန် ရင်ထဲမှာဖြစ်ပေါ်လာတဲ့ ပီတိဖြစ်မှုက ဘာနဲ့မှ မလဲနိုင်အောင် အေးချမ်းလွန်းပါတယ်။ ကိုယ်တိုင်ဂေါပကတာဝန်ကို ထမ်းဆောင်နေတဲ့သူ တစ်ယောက်ဖြစ်တဲ့




ဦးစိုးမြင့်

အတွက် ဘုရားကြီးကို ဖူးမြော်ကြည်ညိုရင်း ဘုရားပရိဝုဏ်တစ်ခုလုံး သန့်ရှင်းသပ်ရပ်ပြီး စိမ်းလန်းစိုပြည်နေအောင် စနစ်တကျစီမံခန့်ခွဲမှုတွေ ဆောင်ရွက်ထားတာကိုလည်း သတိထားလေ့လာမိပါတယ်။ ဂေါပကတစ်ယောက်အနေနဲ့ သာသနိကအဆောက်အအုံတွေကို ရေရှည်တည်တံ့အောင် ဘယ်လိုထိန်းသိမ်းစောင့်ရှောက်ရမယ်၊ သက်ဆိုင်ရာကဏ္ဍတွေအလိုက် ဘယ်လိုတည်ဆောက်ရမယ်၊ ဝန်ထမ်းတွေကို ဘယ်လို စီမံခန့်ခွဲရမလဲဆိုတဲ့ ဗဟုသုတတွေလည်း အများကြီး လေ့လာခဲ့ရပါတယ်။ ဘုရားကြီးကို တည်ဆောက်ထားတဲ့ အဆင့်မြင့် နည်းပညာတွေကိုလည်း လေ့လာခွင့်ရခဲ့ပါတယ်။ ကမ္ဘာပေါ်မှာ ဉာဏ်တော်အမြင့်ဆုံးဖြစ်တဲ့ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ကိုယ့်နိုင်ငံမှာ အခုလို တည်ထားပူဇော်နိုင်ခဲ့တဲ့အတွက် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတစ်ယောက်အနေနဲ့ များစွာဂုဏ်ယူမိပါတယ်။ အတုယူဖို့ကောင်းတဲ့ စီမံခန့်ခွဲမှုနည်းစနစ်တွေကိုလည်း လေ့လာမှတ်သားပြီး ကျွန်တော်တို့ တာဝန်ယူထိန်းသိမ်း စောင့်ရှောက်ရတဲ့ ဘုရားစေတီတွေ ပိုမိုကြည်ညိုဖွယ်ဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အကျိုးရှိရှိပြန်လည်အသုံးချ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဦးသန်းကျော် (တောင်ကြီးမြို့ မြို့လယ်ဓမ္မာရုံဂေါပကအဖွဲ့ဝင်)**

ပြည်နယ်ဝန်ကြီးချုပ်ရဲ့ စီစဉ်ပေးမှုနဲ့ တောင်ကြီးမြို့နယ်နဲ့ ညောင်ရွှေမြို့နယ် အတွင်းမှာရှိတဲ့ ဂေါပကအဖွဲ့တွေစုပြီး လာကြတာဖြစ်ပါတယ်။ အခုလာရောက်တဲ့ ဘုရားဖူးအဖွဲ့မှာ ဖောင်တော်ဦးဘုရားဂေါပကအဖွဲ့၊ မွေတော်ကက္ကူဘုရားဂေါပကအဖွဲ့၊ စူဠာမုနိဘုရားဂေါပကအဖွဲ့၊ ရွှေဘုန်းပွင့်ဘုရားဂေါပကအဖွဲ့နဲ့ တောင်ကြီးမြို့ မြို့လယ်ဓမ္မာရုံဂေါပကအဖွဲ့ဆိုပြီး ဂေါပကအဖွဲ့ ငါးဖွဲ့ပါပါတယ်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်လိုက်ရတဲ့အချိန်မှာ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ရော၊ မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ပါ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမိတဲ့စိတ်တွေ ဖြစ်လာပါတယ်။ အခုလို ခမ်းနားကြီးကျယ်ပြီး ကြည်ညိုဖွယ်ရာကောင်းလွန်းတဲ့ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားပူဇော်ဖို့ဆိုတာ တကယ်မလွယ်ကူတဲ့ ကိစ္စပါ။ တော်ရုံတန်ရုံသဒ္ဓါတရားလောက်နဲ့ မဖြစ်နိုင်တဲ့ကိစ္စပါ။ ဘုရားကြီးရဲ့ ဂေါပကအဖွဲ့ဝင်တွေ ရှင်းပြတာကို



ဦးသန်းကျော်

နားထောင်ပြီး ဗီဒီယိုမှတ်တမ်းတွေကို ကြည့်လိုက်တဲ့အခါမှာ အခုလိုကြည်ညိုဖွယ်ရာ သပ္ပာယ်လှတဲ့ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထား ပူဇော်နိုင်ဖို့အတွက် ကြိုးစား ဆောင်ရွက်ခဲ့ကြတဲ့ တပ်မတော်သားတွေရဲ့ ဖွဲ့လုံ့လနဲ့ ဆောင်ရွက်ချက်တွေကို ဘယ်လိုမှ မချီးကျူးဘဲ မနေနိုင်ပါဘူး။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးက ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာ သာသနာ နေလိုလလို ထွန်းလင်းတောက်ပနေတယ်ဆိုတာကို ကမ္ဘာတစ်ဝန်းလုံးကိုပြသလိုက်တဲ့ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်တယ်လို့ ဆိုချင်ပါတယ်ခင်ဗျာ။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နိုင်ငံတော်တည်ဆောက်ရေးနှင့် မီဒီယာ၏အခန်းကဏ္ဍခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြား



**နေပြည်တော် ဇန်နဝါရီ ၁၈**
နိုင်ငံတော်တည်ဆောက်ရေးနှင့် မီဒီယာ၏အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့်ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်နှင့် စိုက်ပျိုးရေး-မွေးမြူရေးသိပ္ပံ (ပျဉ်းမနား)တို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီး၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တားဆီးကာကွယ်မီဒီယာအဆိပ်သင့်အန္တရာယ်နှင့် နိုင်ငံတော်တည်ဆောက်ရေးနှင့် မီဒီယာ၏အခန်းကဏ္ဍ မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြည်သူများအား အသိအမြင်လွဲမှားစေရန်နှင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ဖေ့စ်ဘွတ်စာမျက်နှာများပေါ်တွင် မီဒီယာအချို့က သတင်းတု၊ သတင်းမှားများကိုရေးသားဖော်ပြလျက် ရှိပါကြောင်း၊ ထို့ကြောင့် သတင်းမှန်များ သိရှိစေရန်အတွက် မိမိတို့ဝန်ကြီးဌာနက ရေးသားထုတ်ပြန်သည့် သတင်းစာများ၊ website များကို ဖတ်ရှုကြရန် လိုအပ်ပါကြောင်း၊ ထို့ပြင် နိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသည့် ပကတိအခြေအနေများကို အသိတရားဖြင့် ရှုမြင်သုံးသပ်၍ ယုံကြည်ကြစေလိုကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူတစ်သားတည်းရှိရန်လည်း လိုအပ်ပါကြောင်း။

၁၉၈၈ ခုနှစ်က မိမိတို့ နိုင်ငံတွင် မင်းမဲ့စရိုက်ဆန်စွာလုပ်ဆောင်ခဲ့မှုများကြောင့် မြန်မာနိုင်ငံသားများ၏ ဂုဏ်သိက္ခာကျဆင်းရုံသာမက ကမ္ဘာတွင် အရှက်ရစေခဲ့ပါကြောင်း၊ ယခုတွင်လည်း အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့ သတ်ဖြတ်ပြီး ဒုစရိုက်မှုအမျိုးမျိုး ကျူးလွန်နေကြပါကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် အနေဖြင့် လူငယ်နှင့်ပညာရေးကဏ္ဍကို အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျောင်းသား ကျောင်းသူများ အနေဖြင့် စိုက်ပျိုးမွေးမြူရေး ဘာသာရပ်များကို ကြိုးစားသင်ယူ၍ အနာဂတ်တွင် မိမိနိုင်ငံ၊ မိမိဒေသ၊ မိမိပတ်ဝန်းကျင်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးကို လိုလားသည့်စိတ်၊ နိုင်ငံကိုချစ်သည့်စိတ်တို့ဖြင့် အကြမ်းဖက်မှုများကို ဝိုင်းဝန်းဆန့်ကျင်တိုက်ဖျက်ကြရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်၏အရေးသည် နိုင်ငံသားတိုင်းနှင့် သက်ဆိုင်သည့်အတွက် မိမိနှင့်သက်ဆိုင်သည့်ကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရန် လိုပါကြောင်း၊ ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများသည် အနာဂတ်နိုင်ငံတော်၏ သားကောင်းရတနာများဖြစ်၍ မိမိတို့ တန်ဖိုးထားပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်က အားထားရသည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်အောင် ကြိုးစားကြစေလိုပါကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

ယင်းနောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်ဆရာမကြီး ဒေါက်တာ နန်းဆိုင်ဟွမ်က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား MRTV DTH စလောင်ငါးစုံနှင့် DVB T2 Set Top Box ၆၅ လုံးတို့ကို မဲဖောက်၍ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီး၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။ **သတင်းစဉ်**

# ဗန်းမော်မြို့၌ အဆင့်မြင့်လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်းဖွင့်

**ဗန်းမော် ဇန်နဝါရီ ၁၈**
ကချင်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေး လုပ်ငန်းကော်မတီက ကြီးမှူး၍ အဆင့်မြင့်လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ပြည်နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း(ဗန်းမော်)၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက လုပ်ငန်းကော်မတီမှ ကြီးမှူးဖွင့်လှစ်သည့်အခြေခံသင်တန်းများထဲတွင် ပထမဆုံးဖွင့်လှစ်သည့် အဆင့်မြင့်ကျွမ်းကျင် သင်တန်းအမျိုးအစားဖြစ်ပြီး အခြေခံအသိပညာမှတစ်ဆင့် ကျွမ်းကျင်ပညာရှင်အဆင့်သို့ ရောက်ရှိနိုင်စေရန် ရည်ရွယ်သည့်အတွက် အားသွန်ခွန်စိုက်ကြိုးစား၍ သေချာလေ့လာသင်ယူ သွားကြစေလိုကြောင်း၊ လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်းသည် ယနေ့ခေတ်တွင် လူတိုင်းအတွက် မရှိမဖြစ် သင်ယူလေ့လာထားရမည့် သင်တန်းအမျိုးအစား ဖြစ်ပြီး သင်တန်းတက်ရောက်ရမည့် ရက်သတ္တ ခြောက်ပတ်ကာလအတွင်း တတ်မြောက် ကျွမ်းကျင်အောင် သင်ယူကြစေ လိုကြောင်း၊ သင်တန်းပြီးစီးပါက ကျွမ်းကျင်မှုများကိုအသုံးချ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။ **(ဝဲပုံ)**



ထို့နောက် ပြည်နယ်အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက သင်တန်းများ ဖွင့်လှစ်ရခြင်းနှင့် သင်ကြားပို့ချချက်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရေနံချောင်းမြို့နယ် ပဆင-ဝါးရိုးလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်

**ရေနံချောင်း ဇန်နဝါရီ ၁၈**
လမ်းဦးစီးဌာန လမ်းကြီးကြပ်ရေးအဖွဲ့ (မကွေး) က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ရေနံချောင်းမြို့နယ် ပဆင-အေးရွာ-ညောင်စောက်ချောင်း-ဝါးရိုးလမ်းကို ပြည်ထောင်စုငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးလင်းထွဋ်က ဇန်နဝါရီ ၁၇ ရက်တွင် ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

အဆိုပါလမ်းကို လမ်းဦးစီးဌာန လမ်းကြီးကြပ်ရေးအဖွဲ့ (မကွေး) က ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၅၃ ဒသမ ၀၂၇ သန်းဖြင့် အရှည်(၀/၄)မိုင်၊ အကျယ် ၁၂ ပေ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေခြင်းဖြစ်ပြီး တိုင်းဒေသကြီးဝန်ကြီးအား တာဝန်ရှိသူများက ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် အချိန်မီပြီးစီးရေး ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးက ရေရှည်တည်တံ့ကောင်းမွန်အောင် ဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

အဆိုပါ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ရေနံချောင်းမြို့နယ် ညောင်စောက်ချောင်းကျေးရွာအုပ်စုအပါအဝင် ကျေးရွာသုံးရွာရှိ အိမ်ခြေ ၄၂၀ မှ လူဦးရေ ၁၇၀၀ ကျော်၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များအတွက် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



# အင်းတော်မြို့၌ ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကျင်းပ

**အင်းတော် ဇန်နဝါရီ ၁၈**
ရှမ်းပြည်နယ် (တောင်ပိုင်း) အင်းတော်မြို့ အုံးကွဲကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း (ခွဲ) (အုံးကွဲ)တွင် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် အင်းတော မြို့ မြို့အုပ်ချုပ်ရေးမှူး ဦးမင်းသူ၊ ရပ်စောက်မြို့နယ် ပညာရေးမှူးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်အမာကြူတို့က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် A အဆင့်ဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူနှင့် ကာယ၊ ဉာဏပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများကို မြို့အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **အင်းတော(ပြန်/ဆက်)**

**စည်းလုံးခြင်းသည် အင်အား ပြည်ထောင်စု၏ စွမ်းပကား**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး နေပြည်တော်ကောင်စီနယ်မြေ သမဝါယမအသင်းများ၏ စိုက်ပျိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဇန်နဝါရီ ၁၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်ပေးမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အာဟာရသုခဈေးအတွင်း သတ်မှတ်ပေးထားသောနေရာ၌ လယ်ဝေးမြို့နယ် ညီုပင်ကျေးရွာအုပ်စု ကွေ့ကြီးကျေးရွာ စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ အသင်းသားတောင်သူများကိုယ်တိုင်စိုက်ပျိုးထားသော ပန်းဂေါ်ဖီအဖြူ၊ ပန်းဂေါ်ဖီအစိမ်းနှင့် မုန်လာဥများ ရောင်းချနေမှုကို ယနေ့နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။

အဆိုပါကွေ့ကြီးကျေးရွာ စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်းသမဝါယမအသင်းအနေဖြင့် အသင်းသား ၆၅ ဦးပိုင် စိုက်ပျိုးမြေ ၁၁၈ ဧကတွင် ဆောင်းသီးနှံပန်းဂေါ်ဖီနှင့်မုန်လာဥများကိုအဓိကထားစိုက်ပျိုးလျက်ရှိရာ အာဟာရသုခဈေးသို့ တိုက်ရိုက်တင်ပို့ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသဖြင့် အကျိုးအမြတ် ပိုမိုရရှိခဲ့ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပျဉ်းမနားမြို့နယ် သူဌေးကုန်းကျေးရွာရှိ မြို့နယ်သမဝါယမအသင်းစု၏ ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံသို့ သွားရောက်၍ မြို့နယ်သမဝါယမ အသင်းစုနှင့် Big M Group Services Co.,ltd တို့ အကျိုးတူပူးပေါင်းစိုက်ပျိုးသည့် ထိုင်းအစေ့ထုတ်ပြောင်းမျိုးများဖြစ်သော GT-200 ၊ GT-822 ၊ GT-722 မျိုး ၁၄ ဧက စိုက်ပျိုးထားမှု၊ ရုရှားသဘာဝမြေဩဇာအသုံးပြု၍ GT-722 မျိုး အစေ့ထုတ်ပြောင်း ၂ ဒသမ ၉၇ ဧက စိုက်ပျိုးထားမှု၊ ရုရှားသဘာဝမြေဩဇာကို အသုံးပြု၍ ထိုင်းနံ့ကောက်စပါးမျိုးဖြင့် နွေစပါး ၀ ဒသမ ၇ ဧက စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်နေမှု၊ မြို့နယ်သမဝါယမအသင်းစု၏ ကြက်ကောင်ရေ ၄၀၀၀ မွေးမြူထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် သမဝါယမ အသင်းစု တာဝန်ရှိသူများနှင့် အသင်းသားများ ကိုယ်တိုင်ကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ပျဉ်းမနားမြို့နယ် ကင်းပွန်းတန်းကျေးရွာ တောင်သူများ၏ စိုက်ပျိုးမြေဧက ၈၀ တွင် စိုက်ပျိုးရေရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့သော 2HP Solar DC Surface Pump 2.2 Kw နှစ်စုံဖြင့် ရေပေးရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကျေးရွာသူကျေးရွာသားများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးထားသော နေကြာစိုက်ခင်းများ ဝတ်မှုန်ကူးနိုင်ရေးအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်ပူးပေါင်းကာ ပျားမွေးမြူရေးပုံးများ ရရှိရန် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကုန်ထုတ်စခန်းများ၊ ရဲစခန်းအချုပ်ခန်းနှင့် ဘိုးဘွားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၈**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သောအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ တို့အရ ဇန်နဝါရီ ၁၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ အကျဉ်းဦးစီးဌာန ထုံးဘိုကျား (၁)ကုန်ထုတ်စခန်းနှင့် ကျား (၂)ကုန်ထုတ်စခန်းများ၊ ဇန်နဝါရီ ၁၇ ရက်တွင် ပုသိမ်ကြီးမြို့နယ်ရှိ အကျဉ်းဦးစီးဌာန ထုံးဘို (မ) ကုန်ထုတ်စခန်းနှင့် ပြင်ဦးလွင်မြို့နယ်ရှိ အကျဉ်းဦးစီးဌာန ၂၄ မိုင် ကုန်ထုတ်စခန်းများ၊ ယနေ့တွင် ပြင်ဦးလွင်မြို့ပေါ်ရှိ ရဲစခန်းအချုပ်ခန်းများနှင့် ချယ်ရီမြေဘိုးဘွားရိပ်သာတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ကော်မရှင် အဖွဲ့ဝင်သည် ကုန်ထုတ်စခန်းများနှင့် ရဲစခန်းအချုပ်ခန်းတို့ကို ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများကို အိပ်ဆောင်များတွင်တွေ့ဆုံကာ အကျဉ်းသား၊ အချုပ်သား တစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှုအခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှု ရှိ မရှိ၊ သန့်ရှင်းသောသောက်ရေနှင့် သုံးရေလုံလောက်မှု ရှိ မရှိ၊ မိသားစုနှင့် တွေ့ဆုံခွင့်အခြေအနေ၊ လွတ်လပ်စွာကိုးကွယ်နိုင်မှု၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိ မရှိ၊ ရသင့်ရထိုက်သောအသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ မရှိ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိနှင့် အချုပ်ခန်းအတွင်း သန့်ရှင်းမှု ရှိမရှိစသည်တို့ကို မေးမြန်းခဲ့ပြီး သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့် တောင်းခံသူ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများကို သီးခြားတွေ့ဆုံ မေးမြန်းမှတ်တမ်းတင်ခဲ့သည်။

ယင်းနောက် ကုန်ထုတ်စခန်းများရှိ အကျဉ်းသား/ အကျဉ်းသူများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သုံးရေကန်များ၊ အတွင်း / အပြင်မိလ္လာများ သန့်ရှင်းမှု ရှိ မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြင်ဦးလွင်မြို့နယ်ရှိ ချယ်ရီမြေဘိုးဘွားရိပ်သာ၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသောဘိုးဘွားများကို အိပ်ဆောင်များတွင် သွားရောက်တွေ့ဆုံပြီး ဘိုးဘွားများကို ကျန်းမာရေး စောင့်ရှောက်ပေးနေမှု၊ အစားအစာနှင့် အာဟာရဖြည့်ဆည်းကျွေးမွေးမှုအခြေအနေ၊ သန့်ရှင်းသောသောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်နိုင်မှု၊ ဘိုးဘွားအိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များ၊ ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထားရှိမှု၊ ဘိုးဘွားများ အနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကော်မရှင်အဖွဲ့ဝင်၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သည့် အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# MGMA က ကြီးမှူးဖွင့်လှစ်သည့် အခြေခံမော်တာစက်ချုပ်သင်တန်းမှတစ်ဆင့် လူဦးရေ သောင်းဂဏန်းဝန်းကျင်အထိ အလုပ်အကိုင်ချိတ်ဆက်ပေးနိုင်ခဲ့

**ရန်ကုန် ဇန်နဝါရီ ၁၈**

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း(MGMA)က ကြီးမှူးပြီး အခြေခံ မော်တာစက်ချုပ်သင်တန်းကို ဖွင့်လှစ်ပြီးနောက် အထည်ချုပ်လုပ်ငန်းရှင်နှင့် အထည်ချုပ်စက်ရုံ၌ လုပ်ကိုင်လိုသူများအကြား အလုပ်အကိုင်များ ချိတ်ဆက်ပေးလျက်ရှိရာ လူဦးရေ သောင်းဂဏန်း ဝန်းကျင်အထိ အလုပ်အကိုင်ချိတ်ဆက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း အဆိုပါသင်တန်းကျောင်းမှ သိရသည်။



အခြေခံ မော်တာစက်ချုပ် သင်တန်းအမှတ်စဉ်တစ်ခုတွင် လူဦးရေ ၂၀၊ ၄၀၊ ၅၀၊ ၈၀ စသည်ဖြင့် တက်ရောက်သူများရှိပြီး သင်တန်းသားများအနေဖြင့် ရန်ကုန်အပြင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ် စသည့်နေရာဒေသများမှ တက်ရောက်သူများရှိကြောင်း အထက်ပါသင်တန်းကျောင်းမှ သင်တန်းနည်းပြ ဆရာမတစ်ဦးက ပြောသည်။

အဆိုပါသင်တန်းကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်ရည်ရွယ်ကာ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းကာလပြီးဆုံးပါက MGMA တွင် အသင်းဝင်ထားသည့် အထည်ချုပ်စက်ရုံများနှင့် နယ်ဝေးမှအလုပ်အကိုင်ရှာဖွေနေသူများ၊ အထည်ချုပ်စက်ရုံများတွင်လုပ်ကိုင်ရန် စိတ်ဝင်စားသူတို့အကြား ချိတ်ဆက်ကာ အလုပ်ရရှိရန် ကူညီပေးနေကြောင်း သိရသည်။

"သင်တန်းပြီးဆုံးရင် အလုပ်အကိုင်အနေနဲ့က MGMA မှာ member ဝင်ထားတဲ့ အထည်ချုပ်စက်ရုံတွေနဲ့ချိတ်ဆက်ပေးတယ်။ ဒီသင်တန်းပြီးသွားရင် စက်ရုံတွေက လူခေါ်ရင် အဲဒီစက်ရုံတွေကို ပို့ပါတယ်။ ၂၀၁၂ ဝန်းကျင်လောက်ကစပြီးအခုဆိုရင် လူဦးရေသောင်းဂဏန်း ဝန်းကျင်လောက်အထိ အလုပ်အကိုင်တွေ ချိတ်ဆက်ပေးပြီးပါပြီ။ သင်တန်းသားတွေထဲမှာ တချို့က စက်ရုံမှာလုပ်တဲ့သူတချို့ရှိတယ်။ ကိုယ်ပိုင်အိမ်မှာယူပြီး ချုပ်တာလေးတွေလည်း ရှိတယ်" ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ ကြီးမှူးပြီး အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၃၂) ကိုလည်း ဇန်နဝါရီ ၂၂ ရက်မှ ဖေဖော်ဝါရီ ၉ ရက်အထိ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC)တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**MT**

# ပုဗ္ဗသီရိမြို့နယ်၌ အခြေခံပညာမြန်မာ့သိုင်း သင်တန်းဖွင့်

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန် အခြေခံပညာအထက်တန်းကျောင်း၌ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော အခြေခံမြန်မာ့သိုင်းပညာသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခြေခံပညာမြန်မာ့သိုင်း(၆၃)မောင်းသင်တန်းသည် ကိုယ်ခန္ဓာကြံ့ခိုင်ကျန်းမာစေရန်၊ ဦးနှောက်ဉာဏ်ရည်ဖွံ့ဖြိုးစေရန်၊ ကိုယ့်ကိုယ်ကိုယ်ခုခံကာကွယ်နိုင်စေရန်၊ ရိုးရာအားကစားနည်းများကို မပျောက်ပျက်အောင် ထိန်းသိမ်းနိုင်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ရာ ကျည်တောင်ကန်အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ၄၀၊ ကျောင်းသူ ၃၀ စုစုပေါင်း ၇၀ တက်ရောက်သည်။ အဆိုပါသင်တန်းကို ပုဗ္ဗသီရိမြို့နယ်မှ နည်းပြဆရာမ ဒေါ်နှင်းပွင့်ဖြူက ဇန်နဝါရီ ၁၈ ရက်မှ ၂၉ ရက်အထိ နံနက် ၇နာရီခွဲ မှ ၈ နာရီခွဲအထိ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**သန်းသန်းနွယ်(ပုဗ္ဗ)**

တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား
ပြည်ထောင်စုသား သွေးချင်းများ
တွဲထားလက်များ ခိုင်စေသား

# အာဖဂန်နစ္စတန်၌ ငလျင်လှုပ်ခတ်မှုအပြီး သုံးလအကြာအထိ လူပေါင်း ၂၀၀၀၀၀ ကျော်မှာ ရွက်ဖျင်တဲများတွင် နေထိုင်နေရဆဲဖြစ်

ကဘူးလ် ဇန်နဝါရီ ၁၈

**အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း၌ ငလျင်လှုပ်ခတ်မှုအပြီးသုံးလကြာသည်အထိလူပေါင်း ၂၀၀၀၀၀ မှ ၃၀၀၀၀၀ ဝန်းကျင်ခန့်မှာ ရွက်ဖျင်တဲများတွင် ဆက်လက်နေထိုင်နေရဆဲဖြစ်သည်ဟု ယူဆကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အကြီးအကဲတစ်ဦးက ပြောသည်။**



အာဖဂန်နစ္စတန်နိုင်ငံ ဖင်ဒါဂျန် စခန်းရှိ ရွက်ဖျင်တဲများကို တွေ့ရစဉ်။

အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ကိုယ်စားလှယ်ဖြစ်သူ လူအိုဒါပင်း က ဇန်နဝါရီ ၁၇ ရက်တွင် ၎င်း၏ဂျပန်ခရီးစဉ်အတွင်း အင်န်အိတ်ချ်ကေသို့ ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။ အောက်တိုဘာလအတွင်းက ဖြစ်ပွားခဲ့သည့် ငလျင်ကြောင့် လူပေါင်း ၁၄၀၀ ကျော် သေဆုံးခဲ့ရပြီး ဒဏ်ရာရရှိသူ ၂၀၀၀ ကျော်ရှိကာ နေအိမ် ၁၀၀၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ရသည်။

အာဖဂန်နစ္စတန်နိုင်ငံမှာ ယခုအခါဆောင်းတွင်းသို့ ဝင်ရောက်နေပြီဖြစ်ပြီး ရာသီဥတုမှာလည်း အလွန်အေးကြောင်း၊ အခြေအနေများမှာ အကြီးအကျယ် ပျက်စီးနေကြောင်း ၎င်းကဆက်ပြောသည်။ ဆေးပစ္စည်းများနှင့် ဆေးဝါးများလည်း ပြတ်လပ်နေကြောင်း၊ ထို့ကြောင့် အရေးပေါ်အကူအညီ လိုအပ်လျက်ရှိသည်ဟု ၎င်းကပြောသည်။

လူသန်းတစ်ဝက်နီးပါးမှာလည်း ပါကစ္စတန်မှ အာဖဂန်နစ္စတန်သို့ ပြန်လာကြသည်။ နေရပ်ပြန်လာသူ အများစုမှာ ရွက်ဖျင်တဲများတွင် နေထိုင်နေရပြီး အစားအသောက်နှင့် ရေမှာလည်း အကန့်အသတ်ဖြင့်သာ သုံးစွဲရသည်ဟု ၎င်းက ရှင်းပြသည်။

**အင်န်အိတ်ချ်ကေ**

## ဂါဇာဒေသကို ပြန်လည်တည်ဆောက်ရန် အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံ လိုအပ်မည်ဟု ပါလက်စတိုင်းအုပ်စုဘဏ်မှ အကြီးအကဲပြော

**ဂါဇာ ဇန်နဝါရီ ၁၈**

စစ်ပွဲဒဏ်ခံ ဂါဇာကမ်းမြောင်ဒေသတွင် အိမ်ရာများနှင့် အခြေခံအဆောက်အဦးများ ပြန်လည်တည်ဆောက်ရန်အတွက် အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံ လိုအပ်မည်ဟု ပါလက်စတိုင်းအုပ်စုဘဏ်မှ အကြီးအကဲဖြစ်သူကပြောသည်။ ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့တွင် ပြုလုပ်သည့် ကမ္ဘာ့စီးပွားရေးဖိုရမ် အစည်းအဝေးသို့ ဟတ်ရှင်ရှာဝါ တက်ရောက်စဉ် အင်န်အိတ်ချ်ကေသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ပါလက်စတိုင်း ဘဏ်ကို ၁၉၆၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး အနောက်ဘက်ကမ်းဒေသ အပါအဝင် ဘဏ်ခွဲပေါင်း ၁၀၀ ရှိသည်။ အဆိုပါဘဏ်သည် ကမ္ဘာ့နေရာအနှံ့အပြားရှိ ဖွံ့ဖြိုးတိုးတက်ရေးဘဏ်များမှ ချေးငွေများရရှိသည်။ အဆိုပါရန်ပုံငွေများကို ဂါဇာဒေသနှင့် အနောက်ဘက်ကမ်းရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပြန်လည်ချေးငှားသည်။ ဘဏ်တွင် ဝန်ထမ်းပေါင်း ၃၀၀၀ နီးပါးရှိသည်ဟု ဟတ်ရှင်ရှာဝါက ပြောသည်။ အလုပ်သမားတော်တော်များများနှင့် ၎င်းတို့၏ မိသားစုဝင်များမှာ ဂါဇာကမ်းမြောင်ဒေသ ဗုံးကြဲတိုက်ခိုက်ခံရမှုတွင် သေဆုံးသွားကြပြီဟု ၎င်းက ဆက်ပြောသည်။



ဂါဇာကမ်းမြောင် ဒေသ၌ အပျက်အစီးများနှင့် လူသေဆုံးမှုများမှာ စိတ်နှလုံးမချမ်းမြေ့ဖွယ်ပင်ဖြစ်သည်ဟု ၎င်းကပြောသည်။ အိမ်ရာများပြန်ဆောက်ရန်အတွက်ပင် အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံကုန်ကျမည်ဟု အဆိုပါဘဏ်အုပ်စုမှ ခန့်မှန်းထားသည်။ အခြေခံ အဆောက်အအုံများ၊ ရေ၊ လျှပ်စစ်မီးရရှိရေးနှင့် လမ်းများပြင်ဆင်ရန် စုစုပေါင်းအမေရိကန်ဒေါ်လာ ၅၀ ဘီလီယံကုန်ကျမည်ဟု ခန့်မှန်းထားသည်။ စစ်ပွဲမှာ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည့်အတွက် အပျက်အစီးများကို ခန့်မှန်းရန်ခက်ခဲကြောင်း ၎င်းက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုကြောင့် အော်စလိုလေဆိပ် ပိတ်ထားခဲ့ရ

**အော်စလို ဇန်နဝါရီ ၁၈**

ဆီးနှင်းများထူထပ်စွာကျဆင်းမှုကြောင့် နော်ဝေးနိုင်ငံ အော်စလိုမြို့ရှိ အဓိကလေဆိပ်ကို ဇန်နဝါရီ ၁၇ ရက်က ပိတ်ထားခဲ့ရပြီး အခြားသောသယ်ယူပို့ဆောင်ရေးများတွင် အဟန့်အတား ဖြစ်ပေါ်ခဲ့သည်ဟု သိရသည်။ အော်စလိုလေဆိပ်မှ ထွက်ခွာမှုအားလုံးကို ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ရပ်နားခဲ့ပြီး လေယာဉ်ဆင်းသက်မှုများ အားလုံးကိုလည်း ရပ်နားခဲ့ကြောင်း နော်ဝေး အမျိုးသားအသံလွှင့်ဌာနမှ ဖော်ပြခဲ့သည်။

နှင်းများ ထူထပ်စွာကျဆင်းမှုကြောင့် အမြင်အာရုံမြင်နိုင်စွမ်းကို ထိခိုက်သည့်အတွက် လေဆိပ်ကို နာရီပေါင်းအနည်းငယ်ကြာအောင် ပိတ်ထားမည်ဟု သိရသည်။ အော်စလိုအပါအဝင် အရှေ့ပိုင်းကမ်းရိုးတန်းဒေသတွင်လည်း ပြင်းထန်သည့်လေပြင်းများနှင့် ဆီးနှင်းကျဆင်းမှု ဖြစ်ပေါ်မည်ဟု နော်ဝေးအမျိုးသားမိုးလေဝသ အင်စတီကျုမှ သတိပေးထားသည်။

**ဆင်ဟွာ**

## အိန္ဒိယနိုင်ငံအနောက်ပိုင်း၌ ကျောင်းလေ့လာရေး လှေတစ်စင်းနစ်မြုပ်ပြီး ငါးဦးသေဆုံး

**ဂူဂျာရတ် ဇန်နဝါရီ ၁၈**

အိန္ဒိယနိုင်ငံ အနောက်ပိုင်းပြည်နယ်တစ်ခုဖြစ်သည့် ဂူဂျာရတ်ပြည်နယ် ဗာဒိုဒါရာဒေသ ဟာနီရေကန်တွင် ဇန်နဝါရီ ၁၈ ရက်က ကိုယ်ပိုင်ကျောင်းတစ်ကျောင်းက စီစဉ်သော လေ့လာရေး ခရီးစဉ်အတွင်း လှေတစ်စင်းနစ်မြုပ်ခဲ့ရာ ကျောင်းသားလူငယ် အများစုအပါအဝင် ၁၂ ဦးထက်မနည်း ရေနစ်ခဲ့ပြီး ကျောင်းသားလူငယ် သုံးဦးနှင့် ဆရာ ဆရာမ နှစ်ဦး သေဆုံးခဲ့ကြောင်း အရာရှိများကပြောသည်။

အမျိုးသား သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေး တပ်ဖွဲ့က လှေနစ်မြုပ်ချိန်တွင် လှေပေါ်၌ လူ ၂၇ ဦး ဝန်းကျင်လိုက်ပါလာခဲ့ကြောင်း ပြောသည်။ ကလေး ၁၉ ဦးနှင့် ဆရာ ဆရာမ လေးဦးကို လှေနစ်မြုပ်မှုမှ ကယ်ဆယ်နိုင်ခဲ့သော်လည်း ပျောက်ဆုံးနေသော ကျောင်းသားလူငယ် လေးဦးကို ဆက်လက်ရှာဖွေလျက်ရှိသည်။

ရေနစ်သူများကို အလျင်အမြန် ပို့ဆောင်ခဲ့သော အက်စ်အက်စ်ဂျီဆေးရုံက အသက် ၁၅ နှစ်အရွယ်ကျောင်းသားတစ်ဦး၊ ကျောင်းသူနှစ်ဦးနှင့် အသက် ၄၅ နှစ်အရွယ်ဆရာ ဆရာမ နှစ်ဦးကို သေဆုံးလျက်ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း အတည်ပြုခဲ့သည်။ အသက် ၁၃ နှစ်အရွယ် ကျောင်းသားတစ်ဦးကို အရေးပေါ်ဆေးကုသမှုများ ပြုလုပ်ပေးရသည်။ ရေကန်အောက်ခြေတွင် နုန်းများထူထပ်နေခြင်းက ကယ်ဆယ်ရေးလုပ်ငန်းများကို အခက်တွေ့စေကြောင်းနှင့် တချို့ရေနစ်မြုပ်သူများ နုန်းအောက်တွင် နစ်မြုပ်နိုင်သည့်အပေါ် စိုးရိမ်လျက်ရှိကြောင်း အမျိုးသား သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးတပ်ဖွဲ့က ပြောသည်။

ဂူဂျာရတ်ပြည်နယ် ဝန်ကြီးချုပ် ဗူပန်ဒရာ ပါတယ်က လူမှုကွန်ရက် စာမျက်နှာဖြစ်သော အိုက်စ်ပေါ်တွင် လှေနစ်မြုပ်သည့်ဖြစ်ရပ်သည် အလွန်ပူဆွေးဝမ်းနည်းဖွယ်ဖြစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လှေနစ်မြုပ်မှုတွင် သေဆုံးခဲ့သော အပြစ်ကင်းသည့် ကလေးများ၏ စိတ်ဝိညာဉ်များအတွက် ဆုတောင်းမေတ္တာများ ပို့သပါကြောင်းနှင့် ယခုအချိန်တွင် နာကျင်ကြေကွဲနေသည့် မိသားစုများထံ ဝမ်းနည်းကြောင်း သဝဏ်လွှာ ပေးပို့ကြောင်းနှင့် ယခုခံစားနေရသည့် ဝေဒနာများကို သက်သာဖြေသိမ့်ရန် ဘုရားသခင်က ခွန်အားများ ပေးသနားတော်မူပါစေဟု ဆုတောင်းပေးခဲ့သည်။

**ဆင်ဟွာ**

**သည်အင်ဒီးယန်းအိတ်စ်ပရက်စ်**



## ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း၌ မြေပြိုမှုကြောင့် ခုနစ်ဦး သေဆုံး

**မနီလာ ဇန်နဝါရီ ၁၈**

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း ဒါဗိုဒီအိုရိုဒေသရှိ မိုင်းတွင်းကျေးရွာလေးတစ်ရွာတွင် ဇန်နဝါရီ ၁၈ ရက်က မြေပြိုမှုဖြစ်ပွားခဲ့သောကြောင့် ခုနစ်ဦး သေဆုံးခဲ့ပြီး လေးဦး ပျောက်ဆုံးလျက်ရှိကြောင်း ပြည်နယ်အရာရှိတစ်ဦးက ပြောသည်။

အရပ်ဘက် ကာကွယ်ရေးရုံး ညွှန်ကြားရေးမှူး အက်ဒနာ ဒါရန်ဂီရန်က ရေဒီယိုတွေ့ဆုံမေးမြန်းမှုတွင် ကလေးငါးဦးနှင့်အရွယ်ရောက်သူနှစ်ဦး သေဆုံးခဲ့ကြောင်းနှင့် အသက် တစ်နှစ်အရွယ် ကလေးငယ်တစ်ဦး အပါအဝင် အခြားနှစ်ဦး အပြင်းအထန် ဒဏ်ရာရရှိခဲ့ကြောင်း ပြောသည်။

ကယ်ဆယ်ရေး လုပ်သားများသည် သေဆုံးသူများ၏ အလောင်းများကို တူးဖော်ခဲ့ကြသည်။ မြေပြိုမှုတွင် လူများ ပျောက်ဆုံးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေကြီးခြင်းက ဒေသခံများနေထိုင်လျက်ရှိသော ဒေသတော်တော်များများကို ခြိမ်းခြောက်လျက်ရှိသည်။ မိုးဆက်လက်ရွာသွန်းခြင်းက ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများကို နှောင့်နှေးစေပြီး ထပ်မံမြေပြိုကျမည့် အန္တရာယ်ကိုလည်း စိုးရိမ်နေရသည်။

အမျိုးသား သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် စီမံခန့်ခွဲရေးကောင်စီက မင်ဒါနာအိုကျွန်းဒါဗိုဒေသရှိ ပြည်နယ်လေးခုတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးမြေပြိုမှုများဖြစ်ပြီး မိသားစုပေါင်း ၄၅၀၀၀ နီးပါးနှင့် လူပေါင်း ၁၈၇၀၀၀ ကျော် ဘေးဒုက္ခရောက်လျက်ရှိကြောင်း ပြောသည်။

**ဆင်ဟွာ**

# ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို ဖျက်ဆီးမှုအပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ကန့်ကွက်ရှုတ်ချပွဲများပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၁၈**

အကြမ်းဖက်သောင်းကျန်းသူများက ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများအား ဖျက်ဆီးစော်ကားမှုအပေါ် ကန့်ကွက်ရှုတ်ချပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ပြုလုပ်လျက်ရှိသည်။

ထိုသို့ပြုလုပ်လျက်ရှိရာ ယနေ့တွင်လည်း ကချင်ပြည်နယ် တနိုင်းမြို့နှင့် ဗန်းမော်မြို့တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နှင့် ကွန်ဟိန်းမြို့တို့၌လည်းကောင်း အသီးသီးပြုလုပ်ကြသည်။ ဦးစွာ ကန့်ကွက်ရှုတ်ချပွဲများသို့ တက်ရောက်လာကြသူများသည် သတ်မှတ်နေရာအသီးသီးမှ ချီတက်စုဝေးကြပြီး သံဃာတော်များနှင့် မျိုးချစ်ပြည်သူ ဦးဆောင်သူများက ဗုဒ္ဓဘာသာအပေါ် ဖျက်ဆီးရန် လုပ်ဆောင်နေမှုများကို ကန့်ကွက်ကြောင်း ဟောပြောကြသည်။



ကွန်ဟိန်းမြို့၌ ကန့်ကွက်ရှုတ်ချပွဲ ပြုလုပ်စဉ်။



ဗန်းမော်မြို့နယ်၌ ကန့်ကွက်ရှုတ်ချပွဲ ပြုလုပ်စဉ်။

ထို့နောက် ကန့်ကွက်ရှုတ်ချပွဲသို့ တက်ရောက်လာကြသူများက "ဗုဒ္ဓဘာသာကို စော်ကားဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများအား (ဆန့်ကျင်ကြ)၊ စေတီပုထိုးနှင့် ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများနှင့် သာသနာဖျက်များအား (ဆန့်ကျင်ကြ)၊ လူမျိုးရေးခွဲခြား၊ သာသနာကို စော်ကားဖျက်ဆီးနေသူများအား (ဆန့်ကျင်ကြ)၊ အကြမ်းဖက်သမားများနှင့် အကြမ်းဖက် အားပေးထောက်ခံသူများ (ဆန့်ကျင်ကြ)၊ အကြမ်းဖက်အားပေး လောက်ကောင်များအား (အလိုမရှိ)၊ သာသနာဖျက်အကြမ်းဖက်သမားများအား (အလိုမရှိ)၊ ဗုဒ္ဓသာသနာကို ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက်သမားများ(ကျရှုံးပါစေ)၊ စေတီပုထိုး၊ ဆင်းတုတော်များကို ဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများ (ကျရှုံးပါစေ)" စသည့် ကြွေးကြော်သံများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သတင်းရရှိသည်။


**သတင်းစဉ်**


## ဘီးလင်းမြို့နှင့် သိမ်ဇရပ်မြို့တို့တွင် တပ်မတော်မှ လက်နက်ကြီးပစ်ခတ်မှုကြောင့် ပြည်သူများ ဒဏ်ရာရရှိမှုရှိခဲ့ကြောင်းနှင့် ဘာသာရေးအဆောက်အဦ၊ လူနေအိမ်အချို့ ထိခိုက်ပျက်စီးခဲ့ကြောင်း မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဝင်းတာပန်ကျေးရွာ အနီးသို့ ဇန်နဝါရီ ၁၅ ရက် ည ၈ နာရီခန့်က တပ်မတော်မှ လက်နက်ကြီး ပစ်ခတ်ခဲ့သည့်အတွက် ဘုန်းကြီးကျောင်းနှင့် စေတီတစ်ဆူ လက်နက်ကြီးစထိမှန်ခဲ့ကြောင်း ကောလာဟလ သတင်းတု၊ သတင်းမှားများကို အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ဝင်းတာပန်ကျေးရွာအနီးရှိ လုံခြုံရေးစခန်းတစ်ခုအား လက်နက်ကိုင်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က အဝေးမှလက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရမ်းသမ်းပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူများ နေထိုင်ရာ ကျေးရွာအတွင်း ထိမှန်ပေါက်ကွဲမှုများ ဖြစ်ပေါ်ခဲ့ပြီး အဆောက်အဦအချို့ ထိခိုက်ပျက်စီးမှုများရှိခဲ့ကြောင်း သက်ဆိုင်ရာ နယ်မြေ လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။




အလားတူ မွန်ပြည်နယ် သိမ်ဇရပ်မြို့နယ် သုံးခွကျေးရွာအတွင်း ဇန်နဝါရီ ၁၆ ရက် ည ၆ နာရီခွဲခန့်က တပ်မတော်မှ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည့်အတွက် ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရပြီး သက်ဆိုင်ရာ နယ်မြေလုံခြုံရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၁၆ ရက်တွင် သိမ်ဇရပ်မြို့နယ်အတွင်း ပစ်ခတ်မှု၊ တိုက်ပွဲဖြစ်ပွားမှုများ မရှိခဲ့ကြောင်း သိရှိရသည်။


အကြမ်းဖက်အားပေးမီဒီယာများအနေဖြင့် မြို့ရွာများ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူများမှ နယ်မြေဒေသလုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် သတင်းတု၊ သတင်းမှားများကို ရေးသားဖြန့်ဝေနေခြင်း ဖြစ်ကြောင်း သတင်းရရှိရသည်။


**သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ဆားထုံးကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရမှုကြောင့် ကျေးရွာနေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်တွင် နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို PDF အမည်ခံ အကြမ်းဖက်သမားများက တိုက်ခိုက်ခဲ့ရာ တပ်ဖွဲ့ဝင်ရှစ်ဦး ကျဆုံးခဲ့ကြောင်းနှင့် ဆားထုံးကျေးရွာမှ နေအိမ်ရှစ်လုံးနှင့် တဲတစ်လုံးတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားနေသည်ကို တွေ့ရှိရသည်။




ဖြစ်စဉ်အမှန်မှာ ဇန်နဝါရီ ၁၇ ရက်က ဆားလင်းကြီးမြို့နယ် ဆားထုံးကျေးရွာအနီးတွင် PDF အမည်ခံအကြမ်းဖက်သမားများ ခိုအောင်းနေကြောင်း တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများ၏ သတင်းပေးမှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ လက်လုပ်သေနတ် ၁၁ လက်၊ လက်လုပ်စိန်ပြောင်း တစ်လက်၊ လက်လုပ်ဗုံးသီး ငါးလုံး၊ လက်လုပ်မိုင်း နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။ ထို့နောက် အဆိုပါကျေးရွာအနီးတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ကာ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ဆားထုံးကျေးရွာရှိ နေအိမ်များကို မီးရှို့ထွက်ပြေးသွားခဲ့ကြောင်း သိရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးနှင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် သတင်းအမှားများကို လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြင်ဦးလွင်ခရိုင်အတွင်း Pfizer Covid –19 ကာကွယ်ဆေးထပ်ဆောင်းထိုးနှံလျက်ရှိ

**ပြင်ဦးလွင် ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် Pfizer Covid–19 ကာကွယ်ဆေးထပ်ဆောင်းထိုးနှံခြင်းကို ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဦးဆောင်၍ ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးစုရပ်၌ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ Pfizer Covid –19 ကာကွယ်ဆေးထပ်ဆောင်းထိုးနှံခြင်းကို ဆောင်ရွက်ရာတွင် ယမန်နေ့က ကျန်းမာရေးဝန်ထမ်းများအား စတင်ထိုးနှံပေးခဲ့ပြီး ကာကွယ်ဆေးထပ်ဆောင်းထိုးနှံမှုများကို မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်မှ လာရောက်ကြည့်ရှုအားပေးသည်။ ဆက်လက်၍ အသက် ၅၀ နှစ်နှင့်အထက် နိုင်ငံ့ဝန်ထမ်းများနှင့် အသက် ၆၅ နှစ်နှင့်အထက် ပြည်သူလူထုတို့အား Pfizer Covid–19 ကာကွယ်ဆေးထပ်ဆောင်းထိုးနှံခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ဖြူလူသစ်(ပြန်/ဆက်)**



## မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပသည့် ၂၀၂၃ ခုနှစ် ဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ခဲ့သော အစိုးရ ဓမ္မာစရိယ သုံးကျမ်းအောင် ၁၃၀၃ ပါး၊ အစိုးရဓမ္မာစရိယ အထူးအောင် ၄ ပါး၊ ပါဠိဂုဏ်ထူးအောင် ၃ ပါး၊ မြန်မာဂုဏ်ထူးအောင် ၁၂ ပါး၊ ပါဠိပထမပြန်အထူးအောင် ၁၆ ပါး၊ နိကာယ်အထူးအောင် ၁၃ ပါး၊ မဟာဝိဒူအောင် ၁၆ ပါး၊ အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်အထူးအောင် ၉ ဦးတို့ထံ ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃၈၅ ခုနှစ် တပို့တွဲလဆန်း ၆ ရက်၊ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်၊ ကြာသပတေးနေ့၊ မွန်းတည့် ၁၂ နာရီတွင် မန္တလေးမြို့ မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီး၌ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အချိန်မီကြွရောက်ရန် သက်ဆိုင်ရာ အထူးအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များကို ပင့်စာများ ဆက်ကပ်ပင့်ဆောင်မည်ဖြစ်ပါသည်။ ပင့်စာများကို အချိန်မီ မရရှိပါကလည်း ကြွရောက်တော်မူကြပါရန်နှင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၃ ရက်မှစ၍ ရုံးချိန်အတွင်း မန္တလေးမြို့ မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီးသို့ ဆက်သွယ်သတင်းပေးပို့ကြပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြောင်း နှိုးဆော်လွှာ

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပထမဖောင်းရစ်အား ရွှေစင်ရွှေပြားများ ဆက်ကပ်လှူဒါန်းနိုင်ရေးအတွက် ရွှေစင်ရွှေပြား (၁) ချပ် (အရွယ် တစ်ပေ x တစ်ပေ) အလေးချိန် ရွှေတစ်ကျပ်သားအတွက် ၂၅,၀၀,၀၀၀/- (ကျပ် နှစ်ဆယ့်ငါးသိန်းတိတိ) ဖြင့် သဒ္ဓါတတ်အားနည်းများမဆို ကုသိုလ်ပါဝင် လှူဒါန်းနိုင်ပါရန်နှင့် ကုသိုလ်ပါဝင်လှူဒါန်းလိုပါက ပျဉ်းမနားမြို့ မြန်မာ့စီးပွားရေးဘဏ် ရွှေသကၤန်း ငွေစာရင်းအမှတ် CF.000873 သို့ ပေးပို့၍ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။ လှူဒါန်းလိုသူများအနေဖြင့် ဦးမောင်မောင် ဒုတိယမြို့တော်ဝန် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ၀၉-၄၀၄၄၃၄၄၉၉၊ ဦးထွန်းကြည် ဂေါပကအဖွဲ့ဝင် ဥပ္ပါတသန္တိစေတီတော် ၀၉-၅၁၃၅၆၉၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ၊ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ

မန္တလေး ဇန်နဝါရီ ၁၈

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး ကျေးရွာစာကြည့်တိုက် ငွေပဒေသာပင်ရန်ပုံငွေကြီးကြပ်မှုကော်မတီက ကြီးမှူး၍ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ် (၁၄)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။**



အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီးရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လူငယ်များဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ယာပုံ)** ပန်းမျိုးတစ်ရာခန်းမ၌ အခမ်းအနားကို ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူများက ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ပွဲတော် တေးသီချင်းဖြင့် ဂုဏ်ပြု သီဆိုဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတွင် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်များကြွယ်ဝလာစေရန်၊ အလွန်တန်ဖိုးရှိလှသည့် လူငယ်များကို အရည်အချင်းပြည့်ဝပြီး ဗလငါးတန်နှင့်ပြည့်စုံသော ထူးချွန်ထက်မြက်သည့် နိုင်ငံသားကောင်းများ ပေါ်ထွန်းလာစေရန် နိုင်ငံတော်က လူငယ်ရေးရာမူဝါဒများ၊ လူငယ်ဖွံ့ဖြိုးရေးအစီအစဉ်များ ချမှတ်၍



အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ပေးနေပါကြောင်း၊ လူငယ်များအတွင်း နိုင်ငံချစ်စိတ်မျိုးချစ်စိတ်များမြင့်မားလာစေရန်၊ စာပေစွမ်းအားဖြင့် အသိပညာဗဟုသုတကြွယ်ဝပြီး မှန်ကန်သည့်အတွေးအခေါ် အယူအဆများနှင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်လာကြစေရန် ရည်ရွယ်ကျင်းပပေးခြင်း ဖြစ်ပါကြောင်း၊ အတွေးအခေါ်ပိုင်း၊ အတွေ့အကြုံပိုင်း၊ အရည်အသွေးနှင့် ကိုယ်စွမ်းကိုယ်စအပိုင်းများတွင် ထူးချွန်ထက်မြက်လာစေရန် လူငယ်များ၏ ကြိုးစားအားထုတ်မှု၊ အခွင့်အလမ်းနှင့် စွမ်းရည်မြှင့်တင်ရေးအတွက် ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ် တစိုက်မတ်မတ်တည်ရှိနေရန် အားလုံးဝိုင်းဝန်း ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်းနှင့် လူငယ်များအနေဖြင့် နိုင်ငံ၏အနာဂတ်ကို ပုံဖော်သည့် အသိပညာဗဟုသုတနှင့်ပြည့်စုံသော ခေါင်းဆောင်ကောင်းများ ဖြစ်အောင်ခွဲ၊ လုံ့လ၊ ဝီရိယ ဟန်ချက်ညီစွာဖြင့် ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်နေသည့် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များ၊ ပညာတတ်လူစွမ်းအားအရင်းအမြစ်များကို ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတော်က နိုင်ငံသားတိုင်း ပညာရည်မြင့်မားရေးကို တွန်းအားပေး ဆောင်ရွက်ပေးနေမှုများ၊ လူငယ်များ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုများ ဖွံ့ဖြိုးလာစေရန်၊ လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့သားကောင်းလူငယ်များ ပေါ်ထွန်းလာစေရန် လူငယ်များ၏ အခန်းကဏ္ဍကို အလေးထား ဆောင်ရွက်ပေးနေမှုများကို ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ပွဲတော်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်အားပေးကာ လှပသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြခန်းများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ/ရသ စာအုပ်များ၊ လူငယ်နှင့်ကလေးငယ်များ ပျော်ရွှင်စေရန် ကဏ္ဍအသီးသီးအလိုက် စိတ်ဝင်စားဖွယ် ကစားနည်းများ၊ ဉာဏ်စမ်းပဟေဠိကစားနည်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**သတင်းစဉ်**

# စည်းကမ်းမလိုက်နာသူ YBS ယာဉ်မောင်းများကို ထုတ်ပယ်မှုများဆောင်ရွက်နေ၍ လိုအပ်နေသည့် ယာဉ်မောင်းနေရာများအတွက် အစားထိုးရန် ယာဉ်မောင်းသင်တန်းသားများ ခေါ်ယူထား

**ရန်ကုန် ဇန်နဝါရီ ၁၈**

စည်းစနစ်ကြပ်မတ်ပြီး စည်းကမ်းမလိုက်နာသူ YBS ယာဉ်မောင်းများကို ထုတ်ပယ်မှုများ ဆောင်ရွက်နေသည့်အတွက် လိုအပ်နေသော ယာဉ်မောင်းနေရာများအတွက် အစားထိုးရန် YBS ယာဉ်မောင်းများ ခေါ်ယူထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) မှ တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောသည်။

''လိုအပ်ချက်တွေက ရှိနေတယ်။ စည်းကမ်းပိုင်းတွေ ဘာတွေ ချိုးဖောက်တယ်ဆိုရင် အခုက ထုတ်ပစ်တာတွေရှိတယ်။ စည်းကမ်းမလိုက်နာတာတွေ၊ မီးနီသုံးကြိမ် ဖြတ်မောင်းတာတွေဆိုလည်း ထုတ်ပစ်တာတွေရှိတယ်။ အဲဒါတွေ အစားထိုးဖို့ရှိတယ်'' ဟု ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC) မှ တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောသည်။

ရန်ကုန်မြို့တွင်း YBS ယာဉ်ကြီးများ မောင်းနှင်နိုင်ရန်အတွက် ကျွမ်းကျင်ယာဉ်မောင်းများ လိုအပ်သဖြင့် YBS မော်တော်ယာဉ်ကြီးမောင်းသင်တန်းကို ရန်ကုန်ဘတ်စ်ကား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ YRTC ၏ ကြီးကြပ်မှုဖြင့် သင်တန်းအပတ်စဉ် (၁/၂၀၂၄) ကို ဖွင့်လှစ်သွားမည်ဖြစ်သောကြောင့် သင်တန်းသားစုစုပေါင်း ၅၀ ခေါ်ယူရန်ကြောင်း သိရသည်။

လျှောက်ထားသူများအနေဖြင့် အသက် ၂၅ နှစ်မှ ၅၅ နှစ်အတွင်း ရှိရမည်ဖြစ်ပြီး ''ခ'' လိုင်စင် အနည်းဆုံးငါးနှစ်သက်တမ်းနှင့် အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်ဖြစ်ကာ အခြေခံယာဉ်မောင်းနိုင်မှုကို သင်တန်းကစစ်ဆေးရွေးချယ်မည်ဖြစ်သည်။

''ဒီသင်တန်းကို ဖွင့်လှစ်ရတဲ့ရည်ရွယ်ချက်ကတော့ ရန်ကုန်မှာ ပြေးဆွဲနေတဲ့ YBS ဘတ်စ်ကားတွေရဲ့ ယာဉ်မောင်းလိုအပ်ချက်ကို ဖြည့်ဆည်းဖို့အတွက်ပါ'' ဟု YBS ယာဉ်ကြီးမောင်း သင်တန်းကျောင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**MT**

# ချမ်းသာပေးတတ် တရားမြတ်အပေါ် ဖျက်ဆီး၍ ဆင်းရဲပေးနေကြသူများ ...

မိုးကေနိုင်

မြန်မာနိုင်ငံရဲ့ ၉၀ ရာခိုင်နှုန်းကျော်သော ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ၊ သန်း ၅၀၀ ကျော်သော ကမ္ဘာ့ဗုဒ္ဓဘာသာဝင်တို့ ကိုးကွယ်ယုံကြည်ရာ ဗုဒ္ဓဘာသာတရားကို အစွန်းရောက် ဘာသာမဲ့တို့က စော်ကားဖျက်ဆီးနေကြပေပြီ။

ကိုယ့်ပြည်တွင်းက လူတွေကိုယ်တိုင်ပင် ကိုယ့်ရဲ့ ဗုဒ္ဓဘာသာကို အကြိမ်ကြိမ် စော်ကားနေကြခြင်း ဖြစ်ပါတယ်။ ဘုရားကိုစော်ကား၊ စေတီကိုဖျက်ဆီး၊ ဆင်းတုတော်တွေ ဖြိုချထုခွဲ၊ သံဃာကိုသတ်၊ ဘုရားကျောင်းကန်တွေကို ကြမ်းကြမ်းတမ်းတမ်းတိုက်ကြခိုက်ကြ စသည်ဖြင့် ဘုရားသာသနာဟာ အကြိမ်ကြိမ်ကျည်သင့်၊ ဗုံးဒဏ်သင့် စော်ကားဖျက်ဆီးခံနေရပါတယ်။

ကာယကံနဲ့ ကျူးလွန်နေတာအပြင် မနောကံ၊ ဝစီကံအားနဲ့လည်း စော်ကားပြောဆိုနေကြတာတွေ ရှိပါတယ်။ မသိလို့လုပ်ကြတယ်၊ မသိတော့လိုချင်၊ လိုချင်လို့ လုပ်ကြပြန်တယ်။ အဝိဇ္ဇာပါတော့ တဏှာပါ လွန်ကုန်ကြတယ်။ လိုချင်တာကိုရအောင် ယူမယ်ဆိုတဲ့လောဘ၊ လိုချင်တာမရတော့ ပြင်းပြင်းထန်ထန်တုံ့ပြန်မယ်ဆိုတဲ့ ဒေါသ၊ ဓမ္မဆိုတာက ဘာလဲ မသိကြတော့ မှားတာမှန်တာ၊ ကောင်းတာမကောင်းတာ ခွဲခြားမသိတတ်တဲ့ ပညာမဲ့၊ ဉာဏ်မဲ့၊ မောဟ အကုသိုလ်တို့လွှမ်းမိုးရာမှာ အကြောင်းအကျိုးဆက်စပ်မှုမသိ ဣဋ္ဌာကိုအနိဋ္ဌထင်၊ အနိဋ္ဌာကို ဣဋ္ဌထင်နေတဲ့ မိစ္ဆာဝါဒီလူတစ်စုဟာဖြင့် လူ့အဖွဲ့အစည်းကြီးရဲ့ သနားစရာလောဘကျွန်၊ ဒေါသကျွန် မောဟကျွန်တွေဖြစ်နေကြပါပြီ။

**ဗုဒ္ဓဓမ္မရဲ့ အနှစ်သာရ**

ဘာသာတရားအစော်ကားခံရတဲ့အတွက် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူ ပြည်သူတွေဟာ နှလုံးပူဆွေး မချိတင်ကဲနာကျင်လှပါတယ်။ ဝမ်းနည်းကြရတယ်။ ဘာကြောင့်ပါလဲ...။ မြန်မာနိုင်ငံသားတွေရဲ့ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာတရား၊ ကိုယ့် ယဉ်ကျေးမှု ချစ်စိတ်တွေက နက်ရှိုင်းတဲ့ ဗုဒ္ဓဓမ္မများနဲ့ယှဉ်တွဲနေလို့ ဖြစ်ပါတယ်။ အကြောင်းနဲ့အကျိုးကို မသိတတ်တဲ့သူတွေဟာ ဘုရားကိုမသိ၊ တရားကိုလည်း မသိတော့၊ အရာအားလုံးကိုလည်း မလေးစားတတ်တော့။

သို့ပေမယ့် မြတ်ဗုဒ္ဓရဲ့ ဓမ္မအဆုံးအမတွေမှာတော့ အခြားဘာသာတရားများအပေါ် မုန်းတီးရမယ်လို့ မပါပါဘူး။ မီးကိုငြိမ်းစေတဲ့ ရေစင်အေးပမာ အငြိမ်းဓာတ်ပဲ ရှိပါတယ်။ ကိုယ်တိုင်ငြိမ်းချမ်းခြင်းအပြင် တစ်ပါးသူနဲ့ ပတ်ဝန်းကျင်ကိုပါ အေးချမ်းမှုကိုပေးစွမ်းနိုင်ခြင်းကသာ ဗုဒ္ဓဓမ္မရဲ့အနှစ်သာရဖြစ်လေတော့ မြတ်ဗုဒ္ဓရဲ့တရားတော်များဟာ သူများအပေါ်မှာ မဖိနှိပ်မချုပ်ချယ်၊ ဖျက်ဆီးစော်ကားခြင်း မရှိပါဘူး။

ဗုဒ္ဓဘာသာဟာ လူတွေကို ယဉ်ကျေးလိမ္မာအောင်သာ သွန်သင်ပေးပါတယ်၊ လွတ်လပ်စွာ ကိုးကွယ်ခွင့်ကို ပေးတယ်၊ ကိုယ်တိုင်လေ့လာလေ့ကျင့်အားထုတ်ပြီးမှ ယုံကြည်စေပါတယ်၊ သူ့ဘာသာကိုယ့်ဘာသာအစွဲမထား၊ ဘယ်ဘာသာဝင်ကိုမှ ရန်သူလို့ မသတ်မှတ်၊ အပြစ်မရှာဒေါသမထွက်၊ ပျက်စီးပါစေ ဆုမတောင်း။ သုစရိုက်တွေ စည်ပင်ရာ၊ ဒုစရိုက်တွေပပျောက်ရာ ဒီလိုလောကီ၊ လောကုတ္တရာ အကျိုးဆောင်တဲ့မြတ်ဗုဒ္ဓကိုမှ ဘာကြောင့် စော်ကားနေကြပါလိမ့်။

**“ကံကြမ္မာဟာ မကောင်းသူတွေအတွက်တော့ မျက်နှာသာပေးမှာမဟုတ်ပါဘူး။ မကောင်းတာလုပ်ရင် မကောင်းဝဋ် ပြန်လည်ဝဋ်လည်ပါလိမ့်မယ်။ အကုသိုလ်ကို အများကြီးယူခဲ့ကြလို့ အကုသိုလ်ကြီးသူဟာ မနေ့အမြန် ဒုက္ခရောက်ရမှာသာဖြစ်တယ်။ ယူရင် ယူမိသလောက် ဆိုးကျိုးရကြမှာသာ ဖြစ်ပါတယ်။ ဘာသာတရားကို စော်ကားဖျက်ဆီးရာမှာ ကိုယ်တိုင်မပါဝင်ပေမယ့် အားပေးအားမြှောက်နေသူတွေလည်း အပါယ်ချောက်နဲ့ နီးသူတွေဖြစ်တယ်၊ ကိုယ်တိုင်ကိုယ်ကျလုပ်သူတွေလိုပဲ အလင်းမရ အမိုက်မှောင်မှာ ပျက်စီးကိန်းဆိုက်ပါတယ်”**

ဗုဒ္ဓရဲ့ တကယ့်သူတော်စင်တွေဆိုရင် ပြင်ပဗဟိဒ္ဓမီးကို အတွင်းအဇ္ဈတ္တအထိတောင် အကူးမခံ၊ မကူးစက်နိုင်အောင် ကြိုးစားလေ့ရှိကြတယ်၊ ဒီလိုဘာသာတရားမျိုးကိုပင် အားနည်းချက်ဟု မြင်ကြတာလားမသိ၊ ဒါကြောင့် ဓမ္မနဲ့အဓမ္မ ခွဲခြားမသိသူများက အကြိမ်ကြိမ်စော်ကားခြင်း ဖြစ်ဟန်တူပါတယ်။ မဟုတ်တာ မမှန်တာကို ပြောရမှာလုပ်ရမှာကို ရှက်ခြင်း၊ ကြောက်တတ်ခြင်းဟာ ဗုဒ္ဓဘာသာဝင်တွေရဲ့ အခြေခံအဆုံးအမလည်း ဖြစ်ပါတယ်။ ထို့အတွက် ဗုဒ္ဓတရားများဟာ မဟုတ်တာ၊ မမှန်တာအပေါ် ပြုမှားမိမှာကို ရှောင်ဖို့ကြိုးစားရင်းနဲ့ လောကကြီးမှာ တကယ့်ငြိမ်းချမ်းမှုအရသာစစ်စစ်ကို ပေးအပ်လျက်ရှိပါတယ်။

**ယူရင်ယူမိသလောက် ဆိုးကျိုးဖြစ်မည်သာ**

**ကံကြမ္မာဟာ မကောင်းသူတွေအတွက်တော့ မျက်နှာသာပေးမှာ မဟုတ်ပါဘူး။ မကောင်းတာလုပ်ရင် မကောင်းဝဋ် ပြန်လည်ဝဋ်လည်ပါလိမ့်မယ်။ အကုသိုလ်ကို အများကြီးယူခဲ့ကြလို့ အကုသိုလ်ကြီးသူဟာ မနေ့အမြန် ဒုက္ခရောက်ရမှာသာ ဖြစ်တယ်။ ယူရင်ယူမိသလောက် ဆိုးကျိုးရကြမှာသာ ဖြစ်ပါတယ်။ ဘာသာတရားကို စော်ကားဖျက်ဆီးရာမှာ ကိုယ်တိုင်မပါဝင်ပေမယ့် အားပေးအားမြှောက်နေသူတွေလည်း အပါယ်ချောက်နဲ့ နီးသူတွေဖြစ်တယ်၊ ကိုယ်တိုင်ကိုယ်ကျလုပ်သူတွေလိုပဲ အလင်းမရ အမိုက်မှောင်မှာ ပျက်စီးကိန်းဆိုက်ပါတယ်။**

မီးကိုတိုးတဲ့ ပိုးဖလံဥပမာလိုပေါ့...။ မတိုးမိအောင် အထူးရှောင်ကြဉ်ရပါမယ်။ နိုင်ငံနဲ့ လူ့အဖွဲ့အစည်းကို ဖျက်ဆီးလိုသူတွေဟာ ယဉ်ကျေးမှုကို ဦးစွာဖျက်ဆီးလေ့ရှိကြတယ်ဆိုတာ သိနားလည်ထားရပါမယ်။ ယခုအခါမှာ မသင့်တဲ့ ယဉ်ကျေးမှုစရိုက်များနဲ့အတူ စိတ်ဓာတ်တွေပါ ရိုက်ချိုးခံနေရပါတယ်။ အမျိုးချစ်စိတ်နဲ့ နိုင်ငံချစ်စိတ် ပျက်စီးသွားရင် ဘာသာတရားလည်း ဖျက်ဆီးခံရနိုင်ပါတယ်။ ဖျက်ဆီးတတ်တဲ့လက်နက်အားလုံးမှာ ငွေကျည်ဆန်က မိမိကိုးကွယ်ယုံကြည်ရာကို လွန်စွာဖျက်ဆီးတတ်ပါတယ်။

အားလုံးက သိပြီးဖြစ်ပေမယ့် ဘာသာတရားအပေါ် ငွေက ဖုံးသွားပြီး မရှောင်နိုင်ရင်တော့ သာသနာပျက်ကိန်း ဆိုက်တတ်ပါတယ်။ ဘုရားဦးခေါင်းကိုတူနဲ့ ထုတာကမြင်သာတယ်၊ ဒါကအပြင်စည်း။ အတွင်းစည်းကနေ ငွေကြေးအဂတိနဲ့ မကောင်းစိတ်ဓာတ်နဲ့ ပြုသမျှကတော့ မမြင်သာပါဘူး၊ ငွေရဲ့နောက်မှာ ဟန်ဆောင်မျက်နှာဖုံးပါတတ်ပါတယ်၊ သတိထားဖို့ပါ။ အချို့သော ဟန်ဆောင်လက်အုပ်ချီ ကန်တော့တာတွေ အချို့ဟန်ဆောင်ငွေလှူတာတွေက တကယ့်မင်္ဂလာ အစစ်မဟုတ်ပါ၊ ယုံကြည်မှုအတုတွေအဖြစ် ယုံကြည်မှုကို အလွဲသုံးစားလုပ်နေခြင်းလားဟု မြင်ကြည့်ပါ၊ သတိထားပြီး မှန်သောအသိ ဝင်စေချင်ပါတယ်။

**အမှန်သိအောင်**

**လုပ်ထားရမယ့် ဘာသာသာသနာ**

ဒါကြောင့် ကျွန်တော်တို့ဗုဒ္ဓဘာသာဝင်တွေက ဗုဒ္ဓဓမ္မနဲ့ ပတ်သက်တဲ့ မြတ်စွာဘုရားကိုယ်တော်တိုင် “ဝိဇ္ဇာ”ထိုးထွင်းသိမြင်ပြီးမှ “စရဏ” ကျင့်ပြီးရပြီးမှ ဟောကြားတော်မူတဲ့ လေးနက်သော ဓမ္မတရားအလုံးစုံကို အချိန်ရခိုက်လေ့လာသင့်ပါတယ်။ ဓမ္မတရားများ မိမိတို့နှလုံးသား၊ အသွေးထဲအသားထဲ စိမ့်ဝင်ကိန်းအောင်းပြီး ပညာဗုဒ္ဓဘာသာဝင်တွေ ဖြစ်နေအောင် အချိန်ယူပြီး လေ့လာကျင့်ကြံအားထုတ်သင့်ပါတယ်။

အကုသိုလ်ကို အကုသိုလ်မှန်းသိနေမှသာ ချမ်းသာအမှန်ကိုရနိုင်ကြောင်း သိရှိအောင် ပြုလုပ်ထားရပါမယ်။ သဒ္ဓါဆိုသော အားကောင်းတဲ့လက်နဲ့ ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးကို ခိုင်မြဲအောင် ကိုင်ဆောင်ထားရပါမယ်။ မကောင်းတာ လုပ်ရင် မကောင်းတာဖြစ်မယ်၊ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်ဆိုတဲ့ ကံ ကံရဲ့ အကျိုးကို ယုံကြည်ထားရပါမယ်။ ကြည်လင်တဲ့သဒ္ဓါတရားနဲ့ ယုံကြည်ချက်ခိုင်မာမှ သူများက ကိုယ့်ဘာသာတရားအပေါ် စော်ကားမော်ကားလုပ်ခွင့်မရမှာ ခံနိုင်ရည်ရှိမှာဖြစ်ပါတယ်။

**ရုပ်ပိုင်းစိတ်ပိုင်းချည့်နဲ့အောင် ဖျက်ဆီးကြလိမ့်မယ်**

ငရဲမကြောက်သူတွေက အင်အားသုံးပြီး စေတီတွေဖြိုချ၊ ဆင်းတုတော်တွေ ထုခွဲခံရလို့ ပျက်စီးသွားရင်သော်မှ ရင်ထဲမှာကိန်းအောင်းနေတဲ့ သစ္စာတရားတွေဟာ ပျက်စီးသွားခြင်းရှိမှာ မဟုတ်ပါဘူး။ သို့သော် ယခုကော နောင်မှာပါ ကျွန်တော်တို့ ယခုထက်များစွာ သတိထားရပါတော့မယ်။ ရန်သူက အပြင်စည်းကနေ နိုင်ငံရဲ့ ရုပ်ပိုင်းအင်အားတွေ ချည့်နဲ့အောင်၊ ပြိုကွဲအောင် ဦးစွာပြုလုပ်နေပါပြီ။ အကြောင်းအမျိုးမျိုးပြမယ်၊ ဥပါယ်တံမျဉ်နဲ့ လှည့်စားမယ်၊ တစ်ဆင့်မက နှစ်ဆင့်မက လှည့်ကွက်တွေအမျိုးမျိုးပြ အမာအင်အားသုံးစွက်ဖက်မယ်၊ အချင်းချင်းကြားရန်တိုက်မယ်၊ ကိုယ်ထိလက်ရောက် ပါဝင်တိုက်ခိုက်မယ်။ နောက်ပိုင်း တစ်ဆင့်တက် အတင့်ရဲလာမယ်၊ မိမိမှာရှိနှင့်တဲ့ ပညာဉာဏ်နဲ့အင်အားကို တွက်ချက်သုံးသပ်ပြီး ကောက်ကျစ်စဉ်းလဲလာမယ်၊ နိုင်ငံရဲ့ အသည်းနှလုံး ကိုးကွယ်ရာ ယုံကြည်မှုဘာသာတရား ယဉ်ကျေးမှုကို အတွင်းစည်းကနေ လှိုက်စားပြီး စိတ်ဓာတ်ခွန်အားတွေကို ဖြိုဖျက်ပစ်ကြပါလိမ့်မယ်၊ အထူးသတိရှိကြရပါမယ်။

**မိစ္ဆာဝါဒီတို့ဟာ ကျွန်တော်တို့ရဲ့ ဘာသာသာသနာကို အတိတ်ကလည်းဖျက်ဆီးခဲ့၊ ယခုလည်း ဖျက်ဆီးနေပါတယ်၊ ဘယ်တော့မှရပ်မှာမဟုတ်သလို နောင်လည်း အဆက်မပြတ် ဖျက်ဆီးနေကြဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့် မိမိရဲ့ယုံကြည်မြတ်နိုးအပ်တဲ့ ဘာသာသာသနာကို အထူးတန်ဖိုးထား ကာကွယ်စောင့်ရှောက်ရပါမယ်။ ကိုယ့်ဘာသာသာသနာကို တစ်ပါးသူများက ဖျက်ဆီးချင်တိုင်း ဖျက်ဆီးတာကို ဘာသိဘာသာမနေ၊ မဆိုင်သလိုမနေဘဲ နာတတ်ရပါမယ်၊ သံဝေဂယူသင်ခန်းစာယူတတ်ရပါမယ်။ သို့မှသာ ကျွန်တော်တို့ရဲ့ ဘာသာသာသနာဟာ ရှင်သန်မြဲမှာဖြစ်ပြီး အစဉ်ထွန်းတောက်နေမှာ ဖြစ်ပါတယ်။**

အဓိကအချက်က ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်အားလုံး ဘာသာသာသနာနဲ့ ဆက်စပ်ပတ်သက်လာလျှင် ယခုထက်ပိုပြီး ညီညွတ်ကြဖို့ပါပဲ။ မစည်းလုံးရင် ဒီထက်ပိုပြီး စော်ကားခံရပါမယ်။ ညီညွတ်နိုင်ဖို့ အမြင်ကျယ်ဖို့လိုပါတယ်။ ဘာသာရေးအသိအမြင်ကြွယ်ဝမှသာ ကိုယ့်ဘာသာကို တန်ဖိုးထားတတ်မှာဖြစ်လို့ပါပဲ။ ဘာသာတရားကရတဲ့ ကြောင်းကျိုးဆင်ခြင်နိုင်စွမ်းဟာ လက်တွေ့လောကီနယ်ပယ်မှာ ငြိမ်းချမ်းမှုကိုပေးတဲ့အတွက် ဘာသာတရားကို ဖျက်ဆီးသူဟာ ငြိမ်းချမ်းရေးကို ဖျက်ဆီးတာနဲ့ အတူတူပါပဲ။

ငြိမ်းချမ်းသွားမှာကို ကြောက်သူတွေဟာ ငြိမ်းချမ်းရေးရဲ့ အနှစ်သာရဖြစ်တဲ့ ဗုဒ္ဓဘာသာကို အကြောက်အကန်ဖျက်ဆီးကြမယ့်အရေးကို သတိရှိကြဖို့လိုပါတယ်။ ထို့အပြင် မြန်မာတို့ရဲ့ အသည်းနှလုံးဖြစ်တဲ့ ဗုဒ္ဓဘာသာကို ဖျက်ဆီးခြင်းဖြင့် ဘုရားသားတော်အပါအဝင် ဗုဒ္ဓဘာသာဝင်များရဲ့ မခံချင်စိတ်နဲ့အုံကြွလာမယ့် မြူဆွယ်ထောင်ချောက်ကိုလည်း သတိထားဖို့လိုပါမယ်။

ဘာသာကို ဖျက်ဆီးပြ၊ အမုန်းစိတ်တွေတိုးပွားအောင်လုပ်ပြီး ဖြစ်လာနိုင်တဲ့ပဋိပက္ခများရဲ့ အကြောင်းတရားအဖြစ်လည်း ဖန်တီးနိုင်ကြောင်း သတိပြုရပါမယ်။ ဘယ်လိုပဲဖြစ်ဖြစ် သာသနာတော်ကို ကာကွယ်စောင့်ရှောက်ရမှာကတော့ ဗုဒ္ဓဘာသာဝင်အားလုံးရဲ့ တာဝန်သာဖြစ်ပါတယ်။ ဆင်းရဲကိုမပေး၊ ချမ်းသာပေးသူတွေဖြစ်အောင် တရားမှန်ကို စောင့်ထိန်းကြရပါမယ်။ မှန်လည်းမမှန်၊ ကိုယ့်အတွက်လည်း အကျိုးမရှိတာတွေ မလုပ်မိအောင် ဂရုပြုကြ ရပါမယ်။ မှန်လည်းမှန်၊ အများအတွက်လည်း အကျိုးရှိတာတွေလုပ်ရင်း မပြတ်ဖြစ်တဲ့ သံသရာဝဋ်က ရှောင်နိုင်ပါစေ၊ ကိုယ်နဲ့နှိုင်းမရိုင်း၊ ကိုယ်နဲ့တိုင်း အပါယ်လှိုင်းမှာ ပါမသွားအောင် ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်နိုင်ပါစေလို့ မျှော်လင့်ပါတယ်။

ပြုလုပ်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုက ရှိစမြဲပါ၊ မကောင်းတာလုပ်ရင် မကောင်းတာခံ၊ ကောင်းတာလုပ်ရင် ကောင်းတာစံ၊ အဆုံးမှာ ကိုယ်နဲ့ထိုက်တာသာရကြပါလိမ့်မယ်။ နှလုံးသွင်းသင့်တာက အချုပ်အခြာပြိုရင် သာသနာလည်းပြို၊ နယ်မြေပျောက်ရင် သာသနာလည်း ပျောက်ကွယ်မယ်ဆိုတဲ့ အချက်ပါပဲ။ ပေးဆပ်ခြင်းများစွာနဲ့ ထိန်းသိမ်းစောင့်ရှောက်နေရတဲ့ အချုပ်အခြာနဲ့ ပိုင်နက်နယ်မြေလိုပါပဲ၊ ဗုဒ္ဓဘာသာကို ရှေးဘိုးဘွားအဆက်ဆက်က ရတနာသဖွယ် လက်ဆင့်ကမ်းထိန်းသိမ်း စောင့်ရှောက်ခဲ့ကြလို့သာ ယနေ့ ကျွန်တော်တို့မျိုးဆက်တွေ ဗုဒ္ဓဘာသာဝင်ဖြစ်ခွင့်ရတာပါ။

ကျွန်တော်တို့ခေတ်မှာလည်း နောင်လာမယ့်မျိုးဆက်တွေအတွက် လက်ဆင့်ကမ်းနိုင်အောင် ယခုထက်ပိုပြီး ဝီရိယစိုက်ကြရပါမယ်။ ဒါမှသာ ဗုဒ္ဓသာသနာထွန်းကားရာ ကိုယ့်နိုင်ငံနဲ့ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုကို လေးစားယုံကြည်ချစ်မြတ်နိုးလျက် ဘာသာသာသနာအပေါ် ထိန်းသိမ်းစောင့်ရှောက်ရမယ့်တာဝန်ကို ကျေပွန်စွာ ထမ်းရွက်နိုင်မှာ ဖြစ်ပါတယ်။ ။

**“မိစ္ဆာဝါဒီတို့ဟာ ကျွန်တော်တို့ရဲ့ ဘာသာသာသနာကို အတိတ်ကလည်းဖျက်ဆီးခဲ့၊ ယခုလည်း ဖျက်ဆီးနေပါတယ်၊ ဘယ်တော့မှ ရပ်မှာမဟုတ်သလို နောင်လည်း အဆက်မပြတ်ဖျက်ဆီးနေကြဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့် မိမိရဲ့ ယုံကြည်မြတ်နိုးအပ်တဲ့ ဘာသာသာသနာကို အထူးတန်ဖိုးထား ကာကွယ်စောင့်ရှောက်ရပါမယ်။ ကိုယ့်ဘာသာသာသနာကို တစ်ပါးသူများက ဖျက်ဆီးချင်တိုင်း ဖျက်ဆီးတာကို ဘာသိဘာသာမနေ၊ မဆိုင်သလိုမနေဘဲ နာတတ်ရပါမယ်၊ သံဝေဂယူသင်ခန်းစာယူတတ်ရပါမယ်။ သို့မှသာ ကျွန်တော်တို့ရဲ့ ဘာသာသာသနာဟာ ရှင်သန်မြဲမှာဖြစ်ပြီး အစဉ်ထွန်းတောက်နေမှာဖြစ်ပါတယ်”**



## ဂျပန်နိုင်ငံရှိ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများအား မြန်မာနိုင်ငံသားများ ပိုမိုရရှိစေရန် IBEC ဆောင်ရွက်နေ

**ရန်ကုန် ဇန်နဝါရီ ၁၈**

စစ်ကိုင်းအပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ ပညာရေးစင်တာ (IBEC) ကျောင်းတိုက်အနေဖြင့် ဂျပန်နိုင်ငံရှိ ပညာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများအား မြန်မာနိုင်ငံသားများအတွက် ပိုမိုရရှိစေရန် ဆောင်ရွက်နေကြောင်း အဆိုပါ ကျောင်းတိုက်မှ သိရသည်။ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ အဆိုပါ ကျောင်းတိုက်ကို IBEC ဆရာတော်ဟု လူသိများသည့် စတော့ဟုမ်း ငြိမ်းချမ်းရေးဆုရှင် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာအရှင်သောဘိတက တည်ထောင်ထားခြင်း ဖြစ်သည်။

**မြန်မာ – ဂျပန် အဆင့်မြင့်ပညာရပ်များ ပေါင်းကူးဆောင်ရွက်နိုင်ရန်**

Project Professor & Research Fellow Senior Member of IEEE ( Professor Dr.Shouji Usuda) ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံသို့ရောက်ရှိနေသော ကျောင်းအုပ်ဆရာတော် ဒေါက်တာအရှင်သောဘိတ ဦးဆောင်သည့် IBEC & KBU ပညာရေးအဖွဲ့က IRIYA City မြို့ရှိ Hosei University သို့သွားရောက်လေ့လာခဲ့ကာ မြန်မာ – ဂျပန် အဆင့်မြင့်ပညာရပ်များ ပေါင်းကူးဆောင်ရွက်နိုင်ရန် IBEC ဆရာတော်အနေဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း IBEC – Myanmar Official Information Office Committee ထံမှ သိရသည်။

IBEC & KBU ပညာရေးအဖွဲ့သည် ဂျပန်နိုင်ငံ ဟာမာမတ်ဆုမြို့ရှိ OISCA အကယ်ဒမီနှင့် စိုက်ပျိုးရေးကောလိပ်အပါအဝင် OISCA အထက်တန်းကျောင်းသို့သွားရောက်ကာ ပညာရေးပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြသည်။

**အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရေး**

အဆိုပါ ဆွေးနွေးပွဲသို့ OISCA ကျောင်းအုပ် Mr.Nakano Yoichiro၊ နိုင်ငံတကာကျောင်းသားရေးရာဌာနမှူး Mr.Hihara Morohito၊ နိုင်ငံတကာဆက်ဆံရေးအရာရှိ Mr.Nakamura Katsutoshi တို့ပါဝင်ပြီး IBEC ပညာရေးအဖွဲ့တွင် ကျောင်းအုပ်ဆရာတော် ဒေါက်တာအရှင်သောဘိတ၊ အထွေထွေမန်နေဂျာ ဦးဘိုဘိုလင်း၊ ဓနသစ် မန်နေဂျင်းဒါရိုက်တာဒေါ်မေညို၊ ဂျပန်နိုင်ငံနေ Research Associate ဦးသိန်းထိုက်၊ IBEC –IT ပညာရှင်၊ KBU –BOD အဖွဲ့တို့ ပါဝင်ကာ ဆွေးနွေးရာတွင် မြန်မာနိုင်ငံရှိ အထက်တန်းဆင့်အောင်လူငယ်များ ပညာဆက်လက်သင်ကြားရေးကိစ္စ၊ ဂျပန်ဘာသာစကားသင်ကြားရေးကိစ္စ အပါအဝင် မြန်မာလူငယ်များ ဂျပန်နိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းကိစ္စများ ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သစ်တော်**

## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်

**ထားဝယ် ဇန်နဝါရီ ၁၈**



တနင်္သာရီတိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လမ်းညွှန်း၊ လမ်းအမှတ်အသား၊ အချက်ပြများအား တစ်နိုင်ငံလုံး တစ်ပြေးညီဖြစ်စေရေး တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီအနေဖြင့် အထူးအလေးထား ဆောင်ရွက် ကြစေလိုကြောင်း၊ ယာဉ်တိုက်မှု ဖြစ်စဉ်များကို နှိုင်းယှဉ်ကြည့်ရာတွင် ယခင်နှစ်များထက် လျော့နည်းကျဆင်းလာသည်ကို တွေ့ရကြောင်း၊ ယာဉ်တိုက်မှု ဖြစ်စဉ်များကို လေ့လာရာတွင် အဓိကအားဖြင့် ယာဉ်မောင်း၏ မဆင်မခြင် မောင်းနှင်မှုကြောင့် အများဆုံး ဖြစ်သည်ကို တွေ့ရကြောင်း၊ တိုင်းဒေသကြီးအတွင်း ယာဉ်တိုက်မှု၊ ဒဏ်ရာရ၊ သေဆုံးမှုများ သိသိသာသာ လျော့နည်းကျဆင်းရေးအတွက် NRSC ၏ လမ်းညွှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့်အညီ အင်တိုက်အားတိုက် ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်နိုင်က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ဟောပြောမှုများ၊ ယာဉ်မောင်းလိုင်စင် ထုတ်ပေးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အဓိကလုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ အဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုအတွက် မီဒီယာအခန်းကဏ္ဍဆိုင်ရာ Online ဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၈**

Asia–Pacific Institute For Broadcasting Development (AIBD)ကကြီးမှူး၍ “ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုအတွက် မီဒီယာအခန်းကဏ္ဍဆိုင်ရာ (ပိုမိုစိမ်းလန်းစေရေးအတွက် ရေရှည်တည်တံ့သော အလေ့အကျင့်များ) Online ဆွေးနွေးပွဲ” ကို ဇန်နဝါရီ ၁၈ ရက် မွန်းလွဲပိုင်းက Online မှ တစ်ဆင့် ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲကို အစိမ်းရောင်နည်းပညာ ကာဗွန်သုံးစွဲမှုလျော့ချရန် သိပ္ပံပညာတိုးတက်မှုများကို အသုံးချခြင်းဖြင့် ဂေဟစနစ်သဟဇာတရှိသော ပတ်ဝန်းကျင်ကောင်းတစ်ခုကို ထိန်းသိမ်းရန် ရည်ရွယ်ပြီး စိမ်းလန်းသော နည်းပညာ၏ မဏ္ဍိုင်လေးရပ်အနေဖြင့် စွမ်းအင်၊ အဆောက်အဦ၊ သယ်ယူပို့ဆောင်ခြင်းနှင့် အမှိုက်စွန့်ပစ်ခြင်း စီမံခန့်ခွဲမှုစသည်တို့ကို ရှာဖွေဖော်ထုတ်ထားပြီး စိမ်းလန်းသောနည်းပညာနှင့်စပ်လျဉ်း၍ မီဒီယာလုပ်ငန်းများကို ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ဆွေးနွေးပွဲတွင် မီဒီယာမြှင့်တင်မှုအတွက် Green Technology ကို မိတ်ဆက်ပေးခြင်းများ၊ လျှပ်စစ်သံလိုက်ဓာတ်ရောင်ခြည်ကို ထိန်းချုပ်ရေးဆိုင်ရာများ၊ Green Content Production and Advancements၊ ကိရိယာအနည်းငယ်ဖြင့်



ပြင်ပအသံလွှင့်ခြင်းကို ချောမွေ့စေခြင်းများ၊ Green Computing နှင့် Adaptive Processing ကို လက်ခံခြင်း၊ Green Building နှင့် Technology တွင် ရေရှည်တည်တံ့သော အလေ့အကျင့်များ၊ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မီဒီယာတွင် ဆန်းသစ်တီထွင်မှုများကို စူးစမ်းရှာဖွေခြင်းဆိုင်ရာများ၊ Green Supply Chain Management ဆိုင်ရာများကို အဓိကထား ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ AIBD အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ ပါဝင်တက်ရောက်ဆွေးနွေးကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် AIBD သို့ တင်းပြည့်အဖွဲ့ဝင်အဖြစ် ၁၉၈၇ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ဝင်ရောက်ခဲ့ပြီး လုပ်ငန်းခွင် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ၊ သတင်းတု၊ သတင်းမှားတိုက်ဖျက်ရေးနှင့် မီဒီယာသိနားလည်မှုဆိုင်ရာ သင်တန်းများကို လက်ခံကျင်းပခြင်း၊ ပါဝင်တက်ရောက်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Su Nandar” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် သံလျက်မှော်(တောင်)ရပ်ကွက်နေ မစုနန္ဒာကျော်(ခ)နန္ဒာအား မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ချမ်းမြသာစည်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်း ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပွင့်ဖြူမြို့၌ ငါးမွေးမြူရေးကန်များ မြေယာအသုံးချမှုတရားဝင်ရရှိစေရေး အသိပညာပေးဟောပြော

**ပွင့်ဖြူ ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ ပွင့်ဖြူမြို့နယ်အတွင်း ငါးမွေးကန်များ မြေယာအသုံးချမှုတရားဝင်ရရှိရေးနှင့် ငါးမွေးမြူခြင်းလိုင်စင်လျှောက်ထားရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ပွင့်ဖြူမြို့နယ် ကန်ပြည့်ကျေးရွာ၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ပွင့်ဖြူမြို့နယ်ဦးစီးဌာနမှူး ဒေါ်စပယ်လှိုင်က မြို့နယ်အတွင်း အမှန်မွေးမြူနေသည့် ငါး/ပုစွန် မွေးမြူရေးကန်စာရင်းများ ကိုက်ညီပြီး တိကျမှန်ကန်မှုရှိစေရေး၊ လုပ်ငန်းလုပ်ပိုင်ခွင့်နှင့် မြေအသုံးချမှု မှန်ကန်စေရေး၊ လျှောက်ထားမှုမရှိသေးသောသူများ ငါးမွေးကန်များ မြေယာအသုံးချမှု တရားဝင်ရရှိရေး၊ ငါးမွေးမြူခြင်းလိုင်စင်လျှောက်ထားရေးတို့အတွက် ကန်ပြည့်ကျေးရွာမှ ငါးမွေးတောင်သူ ရှစ်ဦးအား အသိပညာပေးဟောပြောသည်။ ဟောပြောပွဲသို့ တက်ရောက်လာသည့် ငါးမွေးတောင်သူများက သိရှိလိုသည်များ မေးမြန်းမှုအပေါ် မြို့နယ်တာဝန်ခံက ပြန်လည်ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

**သတင်းစဉ်**




နှစ်စဉ်ကျင်းပပြုလုပ်မြဲဖြစ်သော မြန်မာနိုင်ငံစာရေးဆရာအသင်း သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ အခမ်းအနားများတွင် အသုံးပြုရန် ဇီဝိတဒါန သံဃာ့ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးမောင်သန်းနှင့် အတွင်းရေးမှူး ဒေါက်တာမြင့်သိန်းတို့က လက်တွန်းလှည်းထိုင်ခုံ သုံးစီး ဇန်နဝါရီ ၁၈ ရက်က ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာရေးဆရာအသင်း အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ - ကြို့ပင်ကောက်)နှင့် တွဲဖက်အတွင်းရေးမှူး ဦးအောင်ကြည်(အောင်ကြည်ညွန့် - တက္ကသိုလ်)တို့ကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ အာကာလင်း

## မူဆယ်မြို့ အိမ်တွင်းမှုသင်တန်းကျောင်း၌ စာဖတ်ဝိုင်းဆောင်ရွက်

**မူဆယ် ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ယနေ့ မွန်းလွဲ ၁ နာရီက စာဖတ်ဝိုင်း ဆောင်ရွက်သည်။

စာဖတ်ဝိုင်းတွင် အိမ်တွင်းမှုကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းစောရင်းက သင်တန်းသူများ အသိပညာဗဟုသုတ တိုးပွားစေရန်နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စာဖတ်ဝိုင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ဆွေးနွေးသည်။ ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာန ဦးသန်းဇော်ဦးက စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ဟောပြောသည်။

ဆက်လက်ပြီး ဒေါ်စန္ဒာဝင်းက စာဖတ်ရှိန်မြှင့်တင်ရေး အကြောင်းအရာများကို ဟောပြောသည်။ ထို့နောက် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၄) သင်တန်းသူများက စာရေးဆရာမ ခင်စောတင့် ရေးသားသည့် စွန့်စားမှုဆီသို့ခြေတစ်လှမ်းနှင့် အတွေးအမြင်စာစုများ စာအုပ်မှ သုတ၊ ရသရေးရာများကို ဆွေးနွေးကြကြောင်း သိရသည်။

**ခရိုင် (ပြန်ဆက်)**





## မီးသင်္ဂြိုဟ်စက်အတွက် ငွေကျပ် ၁၀ သိန်း လှူဒါန်း

**တောင်ငူ ဇန်နဝါရီ ၁၈**

တောင်ငူမြို့နေ သတင်းစာဆရာ ဦးကျော်လှနှင့် သမာဓိမိသားစုတို့က ဖြူးမြို့နယ် ဇေယျဝတီမြို့ရှိ အခမဲ့နာရေးကူညီမှုလူငယ်များအသင်း မီးသင်္ဂြိုဟ်စက်အတွက် အလှူငွေကျပ် ၁၀ သိန်းကို ဇန်နဝါရီ ၁၇ ရက်က လှူဒါန်းရာ အခမဲ့နာရေးကူညီမှုလူငယ်များအသင်း နာယက ဦးစိုးအောင်နှင့် ဥက္ကဋ္ဌ ဦးမျိုးမျိုးလင်းတို့က လက်ခံရယူပြီး**(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါအသင်းသို့ ဆက်သွယ်လှူဒါန်းလိုပါက ဖုန်း ၀၉-၉၅၀၅၈၉၂၇၉ နှင့် ၀၉-၈၉၅၁၆၄၉၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**၀၄၈**

❖ *ကျောဖုံးမှ*

ကျင်းပမည်ဖြစ်သည်။ အာဆီယံ ယူ - ၁၆ ပြိုင်ပွဲကို ဇွန်လတွင် အင်ဒိုနီးရှားနိုင်ငံ၊ အာဆီယံ ယူ - ၁၉ ချန်ပီယံရှစ်ပြိုင်ပွဲကို ဇူလိုင်လတွင် အင်ဒိုနီးရှားနိုင်ငံ၊ အာဆီယံ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲကို မေလတွင် ထိုင်းနိုင်ငံ၊ အာဆီယံ သဲသောင်ပြင်ဘောလုံးပြိုင်ပွဲကို နိုဝင်ဘာလတွင် ထိုင်းနိုင်ငံတို့၌ ကျင်းပမည်ဖြစ်ပြီး အာဆီယံ အမျိုးသမီးပြိုင်ပွဲကျင်းပမည့်ကာလနှင့် အိမ်ရှင်နိုင်ငံကို ထပ်မံထုတ်ပြန်မည်ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အာဆီယံ ဖူဆယ်ကလပ်ချန်ပီယံရှစ်ပြိုင်ပွဲ၊ အာဆီယံ ယူ - ၁၆ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ၊ အာဆီယံ ယူ - ၁၉ ချန်ပီယံရှစ်ပြိုင်ပွဲကျင်းပခြင်းရှိ မရှိ ထပ်မံထုတ်ပြန်မည် ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

◆ *ကျောဖုံးမှ*

ပွဲစဉ် (၄) တွင် SGF အသင်းက ရွှေပြည်သာအသင်းကို လေးဂိုး-တစ်ဂိုး၊ KKY အသင်းက Maryar အသင်းကို လေးဂိုး-နှစ်ဂိုး၊ Seven အသင်းက Noka United အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ TG United အသင်းက Black Cross အသင်းကို လေးဂိုး-တစ်ဂိုး၊ Sun Far အသင်းက M-Million အသင်းကို ခုနစ်ဂိုး-လေးဂိုးဖြင့် အနိုင်ရခဲ့ပြီး YRG အသင်းနှင့် Golden Yoma အသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ ပွဲစဉ် (၄) အပြီးတွင် TG United အသင်း၊ ရွှေပြည်သာအသင်းနှင့် Black Cross အသင်းတို့ လေးပွဲကစား ကိုးမှတ်စီရရှိထားသည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-MFF**

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈ - ၁ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၆၀ ကျပ် | ၂၄၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၃၀ ကျပ် | ၂၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၅၁၅ ကျပ် | ၂၅၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၆၂၅ ကျပ် | ၂၆၇၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

❊ *ကျောဖုံးမှ*

ဖြစ်သည့်အတွက် နှစ်သင်းကြား ခြေစွမ်းကွာဟမှုမရှိဘဲ အဆုံးသတ်သေချာသည့် အဲဗာတန်အသင်းက အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

အိမ်ရှင်အဲဗာတန်အသင်းသည် ယခုနှစ်ရာသီ ဒုတိယအကြိမ်မြောက်အဖြစ် ပရီမီယာလိဂ်၏ ဘဏ္ဍာရေးစည်းမျဉ်းများကို ဖောက်ဖျက်မှုဖြင့် စွဲချက်တင်ခံရပြီး နှစ်ရက်အကြာတွင် ပဲလေ့စ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရခြင်းလည်း ဖြစ်သည်။ အဲဗာတန်အသင်းသည် အက်ဖ်အေဖလားပြိုင်ပွဲ နောက်တစ်ဆင့်တွင် ပရီမီယာလိဂ်ကလပ် လူတန်အသင်းနှင့် ဇန်နဝါရီ ၂၇ ရက်တွင် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ပြီးခဲ့သည့် ၁၁ ပွဲတွင် တစ်ပွဲသာနိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သော ပဲလေ့စ်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် ဇန်နဝါရီ ၂၀ ရက်တွင် အသင်းကြီး အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အက်ဖ်အေဖလားပြိုင်ပွဲ တတိယအဆင့် ပြန်ကန်ပွဲစဉ်မှ အခြားသော ပွဲစဉ်ရလဒ်များတွင် နော့ဝှစ်ချ်က ဘရစ္စတိုးလ်ရိုဗာအသင်းကို သုံးဂိုး - တစ်ဂိုး၊ နော်တင်ဟမ်ဖောရက်စ်အသင်းက ဘလက်ပူးလ်အသင်းကို အကြိတ်အနယ်ကစားပြီး သုံးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

**အောင်ဇော်**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၈၀၀ | ၁၂၅၄ | ၁၁၀၃၅၂၀၀ |
| MTSH | ၂၈၅၀ | ၂၉၀၀ | ၁၀၀၆ | ၂၈၉၂၃၅၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၃ | ၂၃၇၀၀ |
| FPB | ၁၅၀၀ | ၁၅၅၀ | ၃၄၈၇ | ၅၃၄၈၈၅၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၃ | ၇၅၀၀ |
| EFR | ၂၀၀၀ | ၂၀၀၀ | ၅ | ၁၀၀၀၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၂၉ | ၁၃၆၃၀၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၁၀၇ | ၁၈၂၂၅၀ |

ညီညီ - စုစည်းသည်

## အမည်ပြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၄)၊ ညောင်နီကျေးရွာနေ (ဘ) ဦးဝင်းမြင့်၏ သမီး မအိအိခိုင်အား ယနေ့မှစ၍ မအိအိဖြိုး ၉/မတရ(နိုင်)၁၉၁၈၈၇ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မအိအိဖြိုး**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်မ မဇင်မွန်ထိုက် ၅/ဘတလ(နိုင်)၁၀၅၈၇၅၏ နိုင်ငံကူးလက်မှတ် (MF-002332) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၅၈၀၉၅၀၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(တ-၅)၊ ဦးပိုင်အမှတ် (၄၃)၊ ၆၃ x ၆၄ လမ်းကြား၊ ၁၀၃ x ၁၀၄ ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဂျင်းခွဲရှန်း၏ (SP ရရှိသူ ဦးအောင်ငြိမ်းထွန်း) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၂၄၆၅/၂၀၂၂) ဖြင့် ဝယ်ယူခဲ့သူ ဦးရဲလင်းထွန်း ၅/ကလထ(နိုင်)၀၀၀၄၂၅ က မိမိကိုယ်တိုင်နှင့် ဦးငွေဆန်း ၅/ကလထ(နိုင်)၁၀၃၀၂၃၊ ဒေါ်ခင်စန်းရီ ၅/ကလထ(နိုင်)၀၂၃၇၄၃ တို့၏ (GP ရသူ ဦးရဲလင်းထွန်း)တို့က အမှုတွဲအမှတ် ၆၅၉၄/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၁၀)၊ ဦးပိုင်အမှတ် ၃၄(ခဲစင်း)၊ ၁၇လမ်း၊ ၆၂ x ၆၃ လမ်းကြားရှိ ဒေါ်ခင်စန်းမူ အမည်ပေါက် ဂရန်မြေကွက်အား (ဖခင်) ဦးကိုကိုကြီး၊ (မိခင်) ဒေါ်ခင်စန်းမူတို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၂၇၉/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သည့် သား၊ သမီးများဖြစ်သော ဒေါ်သူဇာမြင့်၊ ဦးသက်ဆွေမြင့်၊ ဒေါ်ဥမ္မာမြင့်၊ ဦးရဲထွန်းမြင့်တို့၏ (SP ရသူ ဒေါ်ညွန့်ညွန့်ကြည်)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၃၃၈၃/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဆုမြတ်သဇင် ၉/အမဇ(နိုင်)၀၄၀၁၅၈ က အမှုတွဲအမှတ် ၆၅၈၃/၂၀၂၃-၂၀၂၄ ဖြင့် ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၄၈)၊ ဦးပိုင်အမှတ် (၁.ဆ+၂.က)၊ ၃၅ လမ်းနှင့် ရွှေတချောင်းလမ်းထောင့်ရှိ ဒေါ်ကြည်ကွန့် အမည်ပေါက် ဂရန်မြေကွက်အား (ဖခင်) ဦးခင်မောင်အေး၊ (မိခင်)ဒေါ်ကြည်ကွန့်၊ (သား)ဦးသိန်းဇော် (မိခင်ထက်စောစွာကွယ်လွန်)တို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၃၃၆၅/၂၀၂၃) ဖြင့် အမွေဆက်ခံခဲ့သည့် သား၊ သမီးများဖြစ်သော ဒေါက်တာခင်မောင်ဇော်(ခ)ဦးခင်မောင်ဇော် ၉/မရတ(နိုင်)၀၆၂၄၆၉၊ ဒေါ်မေနန်းနွယ် ၉/မရတ(နိုင်)၀၆၂၄၇၀ တို့က အမှုတွဲအမှတ် ၆၅၆၁/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (သ-၉)၊ ဦးပိုင်အမှတ်(၁၃)/၆၄ x ၆၅ လမ်းကြား၊ ၁၁၅ x ၁၁၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကျောင်းဇီ၏ (SP ရရှိသူ ဦးထွန်းအောင်)ထံမှ မှတ်ပုံတင်ရောင်းအဝယ်စာချုပ် အမှတ်(၃၅၇၄/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန်းစိန်ညွန့် ၁၃/မဆတ(နိုင်)၀၃၀၇၆၁ က အမှုတွဲအမှတ် ၆၆၁၃/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ်(ခ-၃)၊ ဦးပိုင်အမှတ် ၁၁(ခဲစင်း)၊ ၆၅ x ၆၆ လမ်း၊ ၄၀ x ၄၁ လမ်းကြားရှိ ဦးညွန့်မောင် အမည်ပေါက် ဂရန်မြေကွက်အား (ဖခင်) ဦးညွန့်မောင်၊ (မိခင်) ဒေါ်ညွန့်ကြည်၊ (သား)ဦးခင်ဇော်(လူပျိုကြီးဘဝ)၊ ဦးထင်ကျော်(လူပျိုကြီးဘဝ) ဖြင့် ၎င်းအသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၃၁၁၃/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သည့် ကျန်သား၊ သမီးများဖြစ်သော ဒေါ်သိဂီ ၉/မရမ(နိုင်)၀၁၂၂၅၉၊ ဒေါ်လှိုင်လှိုင်မြင့် ၉/မရမ(နိုင်)၀၁၂၂၆၁၊ ဦးဇော်ဝင်းမြင့် ၉/မရမ(နိုင်)၀၁၂၂၆၀၊ ဦးဇော်ဝင်းတင့် ၉/မရမ(နိုင်)၀၂၁၉၁၅ တို့၏ (SP ရသူ ဦးဝင်းနိုင်)တို့က အမှုတွဲအမှတ် ၆၅၅၉/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ် (ခ-၃)၊ ဦးပိုင်အမှတ် ၁၁(ခဲစင်း)၊ ၆၅ x ၆၆လမ်း၊ ၄၀ x ၄၁ လမ်းကြားရှိ ဦးညွန့်မောင် အမည်ပေါက် ဂရန်မြေကွက်အား (ဖခင်) ဦးညွန့်မောင်၊ (မိခင်) ဒေါ်ညွန့်ကြည်၊ (သား) ဦးခင်ဇော်(လူပျိုကြီးဘဝ)၊ ဦးထင်ကျော်(လူပျိုကြီးဘဝ)ဖြင့် ၎င်းအသီးသီးကွယ်လွန်၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၃၁၁၃/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သည့် ကျန်သား၊ သမီးများဖြစ်သော ဒေါ်သိဂီ ၉/မရမ(နိုင်) ၀၁၂၂၅၉၊ ဒေါ်လှိုင်လှိုင်မြင့် ၉/မရမ(နိုင်)၀၁၂၂၆၁၊ ဦးဇော်ဝင်းမြင့် ၉/မရမ(နိုင်)၀၁၂၂၆၀၊ ဦးဇော်ဝင်းတင့် ၉/မရမ(နိုင်)၀၂၁၉၁၅ တို့၏ (SP ရရှိသူ ဒေါ်တင်မိုးခိုင်)တို့က အမှုတွဲအမှတ် ၆၅၅၈/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ်အပိုင်း(၃/၂)၊ ဦးပိုင်အမှတ် ၄.ဈ(ခဲစင်း)၊ ၆၇(အေ) x ၃၇(အေ)လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကိုကိုကြီး (ခ)ဦးလှမြင့်၊ ဒေါ်ခင်မေသန်းတို့ (၂)ဦး အနက် (ဖခင်) ဦးကိုကိုကြီး(ခ)ဦးလှမြင့်၊ (မိခင်) ဒေါ်ရွှေခဲတို့ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၇၁၉/၂၀၂၁) ဖြင့် ဒေါ်စန်းစန်းဝင်း၊ ဒေါ်နွယ်နွယ်ဦး၊ ဒေါ်ခင်မေသန်း(ပူးတွဲအမည်ပေါက်သူ)တို့က အမွေဆက်ခံခဲ့ပြီး ၎င်းတို့(၃)ဦးအနက် ဒေါ်ခင်မေသန်းထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ်(၂၇၅၂/၂၀၂၁)ဖြင့် စွန့်လွှတ်ခြင်းကို ဒေါ်စန်းစန်းဝင်း၊ ဒေါ်နွယ်နွယ်ဦးတို့မှ လက်ခံခဲ့ပြီး၊ ဒေါ်စန်းစန်းဝင်း၊ ဒေါ်နွယ်နွယ်ဦးတို့၏(GP ရသူ ဦးဝင်းမြင့်)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၂၂၉၇/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးဝေလွင် ၅/ဖပန(နိုင်)၀၃၉၇၉၀၊ ဒေါ်ခိုင်မြင့်စိမ်း ၅/ခတန(နိုင်)၀၀၁၅၀၉ တို့က အမှုတွဲအမှတ် ၆၅၇၁/၂၀၂၃-၂၀၂၄ ဖြင့် ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်(၇၀၃)၊ ဦးပိုင်အမှတ်(၂၀.ဃ)၊ ၃၃ x ၃၄ လမ်း ကြား၊ ၇၃ x ၇၄ လမ်းကြားရှိ ဒေါ်ကျန်းရွှင်ရီ အမည်ပေါက် ဘိုးဘမြေကွက်အား (ဖခင်) ဦးရောက်တာဖူး၊ (မိခင်)ဒေါ်ကျန်းရွှင်ရီ၊ (သမီး) ဒေါ်ရောက်ဝှေ့ဆိုင်း (အပျိုကြီးဘဝ)၊ (သား) ဦးရောက်ဝှမ်းကျင်း(လူပျိုကြီးဘဝ)၊ ဦးရောက်ဝှမ်းလု(လူပျိုကြီးဘဝ)တို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၅၇/၂၀၂၁)ဖြင့် အမွေဆက်ခံခဲ့သည့် ကျန် သား၊ သမီးများဖြစ်သော ဒေါ်ရောက်စိုင်းဆိုင်၊ ဦးရောက်ဝှမ်းရင့်၊ ဦးရောက်ဝှမ်းတေ့၊ ဦးရောက်ဝှမ်းထန့်၊ ဒေါ်ရောက်ချင့်ချမ်း၊ ဦးရောက်ဝှမ်းလုပ်တို့၏ (SP ရသူ ဦးလှအောင်)တို့ထံမှ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အမှတ်(၃၆၈၉/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးအေးခိုင်(ခ)ကူမာရီ ၉/မကန(နိုင်)၁၀၅၅၉၄ က အမှုတွဲအမှတ် ၀၇၂၂/ဘ(ပြောင်း)/၂၀၂၃-၂၀၂၄ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 26W/75640 Yamaha Tricker, M/C ယာဉ်လက်ဝယ်ရှိသူ Myanmar Kidogo Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9D/6315 Foton Ollion, Truck(4x2)L ယာဉ်လက်ဝယ်ရှိသူ Phyo Wai Shan Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၈၁၅)၊ ဦးပိုင်အမှတ်(၉.ဃ)၊ ၂၉လမ်း၊ ၆၂ x ၆၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြင့်မြင့်ဦး၊ ဒေါ်နွဲ့နွဲ့၊ ဒေါ်မြင့်မြင့်အေး၊ ဒေါ်စမ်းစမ်းအေး၊ ဒေါ်သင်းသင်းအေး၊ ဒေါ်ဖြူဖြူအေးတို့၏ (S.P ရရှိသူ ဦးစိုးမိုးအောင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၅၁၅/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးမြအောင် ၉/မရမ(နိုင်)၀၂၅၄၈၃၊ ဒေါ်ချိုမာဝင်း ၉/မရတ(နိုင်)၁၂၇၄၄၈ တို့က အမှုတွဲအမှတ် ၆၅၈၆/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၈၄)၊ ဦးပိုင်အမှတ်(၅၈.ခဲစင်း)၊ ၃၇ x ၃၈ လမ်းကြား၊ ၈၆ x ၈၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ကြည်ကြည်စိုး ၉/မနတ(နိုင်)၀၁၁၆၀၉ က အမှုတွဲအမှတ် ၆၅၈၉/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး/ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်အမှတ်(၅၉၀/၁၅)၊ ဦးပိုင်အမှတ်(၃၉)၊ ၇၃ လမ်း၊ ယာယီကားကြီးကွင်းအနီးရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ကျော်ဝင်း(ခ)ရန်ကွေယုံ၏ (SP ရရှိသူ ဒေါ်သွယ်သွယ်ငြိမ်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၇၅၉/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးဝဏ္ဏစိုး ၉/ညဥန(နိုင်)၁၁၂၇၅၈၊ ဒေါ်ခင်စန္ဒီကျော် ၈/အလန(နိုင်)၁၃၉၅၄၈ တို့က အမှုတွဲအမှတ် ၆၆၀၁/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဒ-၁)၊ ဦးပိုင်အမှတ်(၂၅)၊ ၆၆ လမ်း၊ ၃၇ x ၃၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးငွန်မောင်း၏ (SP ရရှိသူ ဦးအော်ယုအန်(ခ)ဦးဝင်းကြည်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၀၉၂/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ယဉ်ယဉ်ထွေး ၁၃/မဆတ(နိုင်)၀၀၅၉၀၁၊ ဒေါ်အေဘယ်လ်မြင့်မိုရ် ၉/အမဇ(နိုင်)၀၃၉၉၃၉ တို့က အမှုတွဲအမှတ် ၆၅၉၂/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဋ-၈)၊ ဦးပိုင်အမှတ်(၇၇)၊ ၆၄ x ၆၅ လမ်း၊ ကျန်စစ်သား x ဇော်ဂျီလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကျိန်ဖုန်ကြိမ်း ၁၃/လရန(နိုင်)၁၉၃၂၉၇ က အမှုတွဲအမှတ် ၆၆၀၃/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၈)၊ ဦးပိုင်အမှတ်(၁၄၀)၊ ၆၄ x ၆၅ လမ်း၊ ၁၁၆ x ၁၁၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်အဲဖိန်း ၁၃/သပန(နိုင်)၀၂၃၃၀၁ က အမှုတွဲ အမှတ် ၆၆၀၉/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၇)၊ ဦးပိုင်အမှတ်(၁၂၃)၊ ၆၇ x ၆၈ လမ်း၊ ၁၁၆ x ၁၁၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်အေးအေး ၉/မရတ(နိုင်)၀၆၄၁၄၆ ၏ (SP ရရှိသူ ဦးအောင်ဝင်း) က အမှုတွဲအမှတ် ၆၆၁၅/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် ဟ-၁၊ ဦးပိုင်အမှတ်(၃၂-ခဲစင်း)၊ ၁၁၆ x ၇၃.D လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမျိုးမင်းထွန်း၊ ဒေါ်သူဇာနွယ်တို့၏ (SP ရရှိသူ ဦးအောင်ခိုင်ခန့်) တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်(၃၈၃၅/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စန္ဒာအေး ၉/မရမ(နိုင်)၀၂၅၁၀၅ က အမှုတွဲအမှတ် ၆၆၀၆/၂၀၂၃-၂၀၂၄ဖြင့်ဦးပိုင်ခွဲ/အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ဖ-၁၈၊ ဦးပိုင်အမှတ်(၉)/၅၅ လမ်းနှင့် ပရန်တော်ချောင်းကြား၊ ၁၁၁ x ၁၁၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ခင်ပွန်း ဦးမြင့်အေး ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ခင်ဦး ၉/မနမ(နိုင်)၀၃၃၁၉၄ က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)နေ ဦးတင်စိုး၏သား မောင်ဟိန်းသူအောင် ၉/ပဥလ(နိုင်)၀၇၅၉၆၄ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၆၉၄၀၈၃၅**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်စိုးအောင် (ဘ)ဦးရွှေလှိုင် ၉/ရမသ(နိုင်)၂၃၇၁၃ ၏ ပတ်စ်ပို့စာအုပ်အမှတ် MB-223606 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၄၅၄၃၉၄၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/46692 Honda Scoopyi-110, M/C ယာဉ်လက်ဝယ်ရှိသူ Ever OK Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/29241 Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးချမ်းမြေ့မင်းထက် ၉/အမဇ(နိုင်)၀၅၄၆၉၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ်အပိုင်း(၃/၂)၊ ဦးပိုင်အမှတ် ၄ဈ(ခဲစင်း)၊ ၆၇(အေ)၊ ၃၇(အေ) လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကိုကိုကြီး(ခ)ဦးလှမြင့်၊ ဒေါ်ခင်မေသန်းတို့ (၂)ဦးအနက် (ဖခင်) ဦးကိုကိုကြီး(ခ)ဦးလှမြင့်၊ (မိခင်)ဒေါ်ရွှေခဲတို့ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၇၁၉/၂၀၂၁)ဖြင့် ဒေါ်စန်းစန်းဝင်း၊ ဒေါ်နွယ်နွယ်ဦး၊ ဒေါ်ခင်မေသန်း(ပူးတွဲအမည်ပေါက်သူ)တို့က အမွေဆက်ခံခဲ့ပြီး ၎င်းတို့(၃)ဦးအနက် ဒေါ်စန်းစန်းဝင်း၊ ဒေါ်နွယ်နွယ်ဦး တို့၏ (GP ရသူ ဦးဝင်းမြင့်)တို့ထံမှ မှတ်ပုံတင်စွန့်လွှတ် စာချုပ်အမှတ်(၂၇၅၁/ ၂၀၂၁)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံသူ ဒေါ်ခင်မေသန်း ၉/မရမ(နိုင်)၀၄၉၉၇၀၏ (SP ရသူ ဒေါ်မြင့်မိုရ်အောင်)က အမှုတွဲအမှတ် ၆၅၇၀/၂၀၂၃-၂၀၂၄ဖြင့် ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓေ-၉)၊ ဦးပိုင်အမှတ်(၈၃)၊ ၆၁x၆၀.B လမ်းကြား၊ အေးသုခx ရတနာလမ်းကြားရှိ ဦးခင်မောင်ရင် အမည်ပေါက် တောဂရန်မြေကွက်အား (အဘိုး)ဦးခင်မောင်ရင်၊ (အဘွား) ဒေါ်သန်းကြည်၊ (ဖခင်)ဦးစိန်ဝင်း၊ (မိခင်) ဒေါ်နွေဦးတို့ အသီးသီး ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၁၃၆၅/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သည့် (မြေး/သမီး)များဖြစ်သည့် ဒေါ်နှင်းနှင်းဦး ၉/ခမစ(နိုင်)၀၉၂၅၄၇၊ ဒေါ်လှလှနွယ် ၉/ခမစ(နိုင်)၀၉၂၅၄၈ တို့၏ (GP ရသူ ဒေါ်နန်းဝင်းကြည်)တို့က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၆၅၈၄/၂၀၂၃-၂၀၂၄ဖြင့် တောမှမြို့ပြောင်း/ သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**စာအုပ်စာပေ လှူဒါန်းမိတ်ဆွေ**

**ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၆ဒီ(၁၄၊ ၁၅၊ ၁၆)၊ မြေကွက်အမှတ် (၁၁၇/B) (လူနေရပ်ကွက်အမှတ် ၁၂၅၊ မဟာသုခိတာလမ်းနှင့် (၄)လမ်းတောင်ထောင့်)၊ အကျယ်အဝန်း (၂၄' x ၅၀')ရှိ မြေကွက်၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးနှင့် ယင်းမြေကွက်ပေါ်တွင်တည်ဆောက်ထားသည့် အကျယ်အဝန်း(၂၁' x ၄၈')ရှိ (၆ ၁/၂)တိုက်နှင့်တကွ ယင်းနှင့် တွယ်ကပ်ဆက်စပ်လျှက်ရှိသည့် ပစ္စည်းများနှင့် ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

အထက်ဖော်ပြပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့မြေစာရင်းတွင် ဦးစိုးဝင်း(ခ)ဟုန်ဖေရီ (၉/မနမ(နိုင်)၀၀၅၁၉၃) ၏အမည်ဖြင့် မှတ်သားတည်ရှိသည့် နှစ်(၆၀)မြေငှားဂရန်မြေကွက်ဖြစ်ပြီး ယင်းမြေကွက်၏ပိုင်ဆိုင် အကျိုးခံစားခွင့်အားလုံးနှင့် ယင်းမြေကွက်ပေါ်တွင် တည်ဆောက်ထားသည့် (၆ ၁/၂)ထပ်တိုက်နှင့်တကွ ယင်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးစိုးဝင်း(ခ)ဟုန်ဖေရီ (၉/မနမ(နိုင်)၀၀၅၁၉၃)မှ ၎င်းကိုယ်တိုင် တရားဝင် ပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါ မြေကွက်၏ ပိုင်ဆိုင် အကျိုးခံစားခွင့်အားလုံးနှင့် ယင်းမြေကွက်ပေါ်တွင်တည်ဆောက်ထားသည့် (၆)ထပ်တိုက်နှင့်တကွ ယင်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏ မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ မြေနှင့်အဆောက်အဦအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိုမာ ( LL.B ) အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)**
**အခန်းအမှတ် (308)၊ Office Tower (3), Time City, ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ညီညီသန့် ၈/ပဖန(နိုင်)၁၀၂၅၉၁ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၈၈၂၉၉၇၆**

## အမည်ပြောင်း

ဦးစိုးသူအောင် ၏သား၊ မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်း Grade-6 မှ မောင်ဟိန်းထက်ယံအား ယနေ့မှစ၍ မောင်ဟိန်းထက်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဟိန်းထက်အောင်**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ အိမ်အမှတ်(ဏ-၃၆)နေ ဒေါ်စိန်စိန်ဝင်း(ဘ)ဦးကျော်ညွှန့် ၉/မရတ(နိုင်)၀၆၃၂၁၈၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်သည်မှာ-

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်-၄/ပဒေသာရပ်၊ ဦးပိုင်အမှတ်(၇၉)၊ မြေဧရိယာ(၀ဒသမ၁၁၀)ကေရှိ နေအိမ်မြေအား ကျွန်ုပ်၏မိတ်ဆွေအမည်ဖြင့် မြေငှားဂရန်သစ်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အဆိုပါနေအိမ်မြေနှင့်စပ် လျဉ်းပြီး တရားဝင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်ရှိသူ မည်သူမဆိုသည် ယနေ့မှစ၍(၁၅)ရက်အတွင်း သက်ဆိုင်ရာ ရုံး၌ာနအသီးသီးတွင် တရားဝင်ပိုင်ဆိုင်မှု မှတ်ပုံတင် စာချုပ်စာတမ်း မူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ထားသည့် နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက သက်ဆိုင်ရာဌာန၏ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်စိန်စိန်ဝင်း** | **ဒေါ်ဖြိုးပပဝင်း(LL.B,D.B.L,WIPO(Switzerland))** |
| ၉/မရတ(နိုင်)၀၆၃၂၁၈ | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၈၂/၂၀၁၂) |
| | အခန်းအမှတ်(၂၄)၊ YMCAတိုက်ခန်း၊ မန္တလေး-လားရှိုးလမ်းမကြီး၊ ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့။ |
| | ဖုန်း-၀၉-၂၀၅၀၁၂၈ |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၆၁၃၈၅, Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဇေယျာ ၆/မမန(နိုင်) ၂၇၁၂၁၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/62487, Suzuki Smash 112 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဦး ၇/ပတတ(နိုင်) ၀၈၁၉၂၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၁ယ/၁၈၇၅၄, Yunde 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဝင်းကြည် ၇/ပမန(နိုင်) ၁၉၀၈၆၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/38950 ယာဉ်လက်ဝယ်ရှိသူ ဦးဇင်ဖြိုးအောင် ၉/ပဗသ(နိုင်) ၀၀၅၈၅၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရမည်းသင်း)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက် အမှတ်(S-၂၉၂)၊ ဧရိယာ(၀.၂၂၉)ကေရှိ ဒေါ်သိန်းသိန်းနိုင်(ဘ) ဦးချစ်စိန် ၉/မရမ(နိုင်)၀၂၃၃၉၀ အမည်ပေါက် မြေကွက်အား အမည်ပေါက်သူကိုယ်စား ဒေါ်နှင်းနန္ဒာလှိုင်(ဘ)ဦးမြင့်လှိုင် ၁၂/လမန(နိုင်)၁၂၆၈၃၈ မှ အရောင်းအဝယ်စာချုပ်၊ ပိုင်ဆိုင် ကြောင်း ကျမ်းကျိန်လွှာအမှတ် (၃၅၆/၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ခြံစည်းရိုးကာရံခွင့်နှင့် အဆောက်အအုံဆောက်လုပ်ခွင့် တင်ပြရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာ ချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/63548, WLK 125 ယာဉ်လက်ဝယ်ရှိသူ ဦးချစ်အောင် ၁၄/ဟသတ(နိုင်) ၃၁၉၀၆၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/57258, Jialing -90, M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Trading Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/53532, Honda Click -150, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အင်ကြင်းပွင့် ၁၃/ကလတ(နိုင်)၀၃၄၇၁၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ပဲခူးမြို့နယ် သမဝါယမအသင်းစုလီမိတက် လေလံလျှောက်လွှာခေါ်ယူခြင်း

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ သနပ်ပင်လမ်း၊ မြေကွက်အမှတ် (၂၇၊ )၊ ဦးပိုင်အမှတ်(၁၉-ခ)ရှိ မြေဧရိယာ(၀ဒသမ၀၉၄)ကေနှင့် အဆိုပါမြေပေါ်ရှိ ၁၈' x ၁၁၀' x ၃၀' ဇီဇဝါတည်းခိုခန်း အဆောက်အအုံ တစ်လုံး

| | |
|---|---|
| **လေလံလျှောက်လွှာရောင်းချမည့်ရက်** | - ၁၉-၁-၂၀၂၄ရက်မှ၁-၂-၂၀၂၄ရက်အထိ |
| **လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက်** | - ၁-၂-၂၀၂၄ရက်၊ ညနေ ၄နာရီ |
| **လေလံတင်ရောင်းချမည့်ရက်** | - ၂-၂-၂၀၂၄ရက်(သောကြာနေ့) နံနက် ၁၀နာရီ |
| **လေလံလျှောက်လွှာရောင်းချမည့်နေရာ** | - ပဲခူးမြို့နယ်၊ သမဝါယမအသင်းစုလီမိတက်၊ ဟံသာဝတီရပ်ကွက် |
| **ဆက်သွယ်ရန်ဖုန်း** | - ၀၉-၄၄၀၁၆၂၄၄၊ ၀၉-၈၇၇၀၆၁၇၈၂ |

## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃- ၂၀၂၄ ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ တိုင်းဒေသကြီး အထွေထွေပိုလျှံရန်ပုံငွေ (GRF) ဖြင့် ဆောင်ရွက်မည့် ဘုတ်ပြင်းမြို့၊ ခရိုင်စုပေါင်းရုံး မြေဧရိယာ (၁၃၁)ကေအတွင်း စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ အောက်ပါအတိုင်း တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းမည့်ရက်** - ( ၁၉-၁-၂၀၂၄ )ရက်
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ( ၁-၂-၂၀၂၄)ရက်(၁၆:၀၀)နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်အား ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါသည်။**
(ဃ) **တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ** - တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ထားဝယ်မြို့

၂။ တင်ဒါလျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အုပ်ချုပ်/ထောက်ပံ့ဌာနစိတ်တွင် ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဖုန်း -၀၅၉-၂၀၂၂၅၉၁/၂၃၅၆၄ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅) ပုဗ္ဗသီရိမြို့နယ်တရားရုံးတော် ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၇

| | | |
|---|---|---|
| ဦးသိန်းစိုး | နှင့် | ၁။ ဒုတပ်ကြပ်အောင်နိုင်မင်း |
| | | ၂။ ဒေါ်ကျင်သန်း |
| **တရားလို** | | **တရားပြိုင်များ** |

လားရှိုးမြို့နယ်၊ နမ့်ပေါင်ကျေးရွာ၊ ခလရ (၂၉၁)၊ နန့်ပေါင်နေ (၁) တရားပြိုင် ဒုတပ်ကြပ်အောင်နိုင်မင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသိန်းစိုးက ကတိပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုနှင့်မြေလက်ရောက်ရလို မှု ဒီကရီရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်) နေ့မွန်းမတည့်မီ ၁၀း၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စကားဝါဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ပုဗ္ဗသီရိမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ် (၄၂၂)၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ ဦးစောလွင် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်ခင်ဆန်းဦး (၁၂/တမန (နိုင်)၁၀၅၂၉၂) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက ဘေးသင့်ပြည်သူများအား ထောက်ပံ့နိုင်ရန် အောက်ဖော်ပြပါ ကယ်ဆယ်ရေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလို ပါသည်-

| စဉ် | ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| (က) | ကျားလုံချည် ၁/၄၀ (လုံချည်ကွင်းအကျယ် ၈၀" x အထက်အောက်အနံ ၄၈") | ၃၅၀၀၀ ထည် |
| ( ခ) | မလုံချည် (လုံချည်ကွင်းအကျယ် ၇၂" x အထက်အောက်အနံ ၄၂") | ၃၀၀၀၀ ထည် |
| ( ဂ) | စောင် (အလျား ၈၀"x အနံ ၆၆") | ၃၀၀၀၀ ထည် |
| (ဃ) | တဘက် (အလျား ၅၄"x အနံ ၂၇") | ၃၀၀၀၀ ထည် |
| ( င) | စတီးလ်ဇလုံ (အချင်း ၉.၅") | ၃၀၀၀၀ လုံး |
| ( စ) | တီရှပ် (L, XL, XXL size) (Logo ပါ) | ၆၀၀၀၀ ထည် |
| (ဆ) | နှစ်ယောက်အိပ်ခြင်ထောင် (နိုင်လွန်) | ၃၀၀၀၀ လုံး |
| (ဇ) | တာပေါ်လင်အိတ် (အထူ) (အလျား ၂၃" x အနံ ၁၀" x အမြင့် ၁၂") | ၂၅၀၀၀ လုံး |
| | တာပေါ်လင်အိတ် (အထူ) (အလျား ၁၂" x အနံ ၈" x အမြင့် ၁၂") | ၂၀၀၀ လုံး |
| (ဈ) | စတီးလ်ခွက် (အသေး) (အရိုး+အသွားပါ ၈") | ၂၅၀၀၀ ချောင်း |
| (ည) | စတီးလ်ဟင်းခပ်ဇွန်း | ၆၀၀၀၀ ချောင်း |
| (ဋ) | စတီးလ်သောက်ရေခွက်(အချင်း ၈စင်တီမီတာ) | ၃၀၀၀၀ ခု |
| (ဌ) | စတီးလ်ပန်းကန်ပြား (အချင်း ၉") | ၆၀၀၀၀ ချပ် |
| (ဍ) | ပလတ်စတစ်ရေချိုးခွက် (အချင်း ၈") | ၃၀၀၀၀ ခု |
| (ဎ) | တာပေါ်လင်(၆ x ၃၀၀)ပေ | ၆၀၀ လိပ် |

၂။ တင်ဒါလျှောက်လွှာများနှင့်ပတ်သက်၍ အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားပါမည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - (၂၂-၁-၂၀၂၄)ရက်နေ့မှ (၅-၂-၂၀၂၄) ရက်နေ့အထိ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။
(ခ) **တင်ဒါတင်သွင်းရမည့်ကာလ** - (၂၂-၁-၂၀၂၄)ရက်နေ့(၀၉:၃၀)နာရီမှ (၅-၂-၂၀၂၄)ရက်နေ့(၁၆:၀၀) နာရီအထိ
(ဂ) **တင်ဒါရောင်းချမည့်နေရာ** - ရုံးအမှတ်(၂၃)၊ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ နေပြည်တော်
(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်နေရာ** - (၉-၂-၂၀၂၄)ရက်နေ့၊ (၁၀:၀၀)နာရီ၊ ရုံးအမှတ်(၂၃)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ နေပြည်တော် (တင်ဒါဖွင့်လှစ်မည့်ရက်အပြောင်းအလဲရှိပါက ကြိုတင်အကြောင်းကြားမည်ဖြစ်ပါသည်။)

၃။ အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ်၊ ၀၆၇-၃၄၀၄၀၇၄၊ ၀၆၇-၃၄၀၄၀၆၈သို့ (၀၉:၃၀)နာရီမှ (၁၆:၃၀)နာရီအထိ ရုံးဖွင့်ရက်များအတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်9P/9814 ၏ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါ သဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊ ခရိုင်ရုံး၊ ဟင်္သာတမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

